ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သွားလေရာအရပ်၌**
**အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၃၀၃)

၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ စနေနေ့။ Saturday, 7 October 2023 ၁၁၂၄၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြား

# မိမိတို့နိုင်ငံ၏ ကမ်းခြေစောင့်တပ်ဖွဲ့ သမိုင်းသစ်တစ်ခုကို စနစ်တကျ စုဖွဲ့တည်ဆောက်ထားခြင်းဖြစ်သဖြင့် စံပြုတပ်ဖွဲ့တစ်ခုဖြစ်အောင် ကြိုးစားဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ်းခြေစောင့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ရေယာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာ့ပင်လယ်ပြင်နှင့် ရေကြောင်းအကျိုးစီးပွားများ၊ ပင်လယ်ပြာစီးပွားရေးလုပ်ငန်းများအား ကာကွယ်စောင့်ရှောက်ရန်၊ ရေကြောင်းလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများအား တားဆီးကာကွယ်ရန်၊ ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်းစာနာမှု အထောက်အကူပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အရေးပေါ်အချိန်တွင် တပ်မတော်(ရေ)အား အထောက်အကူပြုနိုင်ရန် စသည့် ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး တပ်ဖွဲ့ဖွဲ့စည်းခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့တွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် ဂုဏ်ပြုအမှာစကားပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

မဲခေါင်-လန်ချန်း သစ်သီးပွဲတော်(မြန်မာ)တွင် မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ စာမျက်နှာ » ၈

ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ စာမျက်နှာ » ၉

ထာဝရငြိမ်းချမ်းရေးအတွက် တစ်ခုတည်းသောအဖြေ NCA ဆောင်းပါး စာမျက်နှာ » ၁၃

ကြေးမုံ

# ဟိမဝန္တာတောင်တန်းဒေသဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်

ကမ္ဘာပေါ်တွင် အမြင့်မားဆုံးတောင်တန်းကြီးမှာ ဟိမဝန္တာတောင်တန်းကြီး ဖြစ်သည်။ ဟိမဝန္တာကို ကမ္ဘာ့ခေါင်မိုးဟုဆိုကြသည်။ ထူးခြားဆန်းကြယ်ပြီး အံ့သြဖွယ်ရာများစုံလင်သည့် ဟိမဝန္တာတောင်တန်းကြီးသည် ရေထုဖုံးနေသောကမ္ဘာကြီး စတင်ဖြစ်တည်စဉ် ဦးစွာပေါ်ထွန်းခဲ့သောတောင်တန်းကြီးဖြစ်သည်။ မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်တွင်တည်ရှိသည့် ပတ်ကွိုင်တောင်တန်းသည် ဟိမဝန္တာ တောင်တန်းကြီးမှ ဆင်းသက်လာသည်။ အရှေ့မြောက်ဘက်မှ အနောက်ဘက်သို့ နိုင်ငံတော်၏ နယ်နိမိတ်သဖွယ် ကာဆီးထားပြီး တောင်ဘက်စွန်းတွင် နာဂ တောင်တန်းရှိသည်။

ဟိမဝန္တာတောင်တန်းကြီးသည် အိန္ဒိယတိုက်ငယ်နှင့် ဗဟိုအာရှအကြား ပထဝီဝင်အနေအထားအရ တံတိုင်းကြီးသဖွယ်ပိုင်းခြားထားသည်မှာ အံ့သြဖွယ် ဖြစ်သည်။ ပေပေါင်းသုံးသောင်းနီးပါးမြင့်သည့် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ကြီး တည်ရှိသည်။ တောင်တန်းကြီးသည် အရှေ့မှအနောက်သို့ မိုင်ပေါင်း ၁၅၀၀ ရှည်လျားပြီး တောင်တန်းအကျယ်မှာ မိုင် ၁၅၀ မှ ၂၀၀ နီးပါးရှိသည်။ တောင်ထွတ်ပေါင်း ၅၀ နီးပါးရှိပြီး လေးကိုင်းသဖွယ်ဆင်းနေသည်။ ဟိမဝန္တာတောင်တန်းကြီးတွင် ဥတုရာသီအမျိုးမျိုးရှိသကဲ့သို့ သားငှက်တိရစ္ဆာန်များလည်း စုံလင်စွာရှိသည်။ မြင့်မားသောတောင်တန်းများတည်ရှိရာဒေသဖြစ်၍ လူသူသွားလာမှု မလွယ်ကူပေ။

ထူးခြားဆန်းကြယ်ပြီး အံ့သြဖွယ်စုံလင်သည့် ဟိမဝန္တာတောင်တန်းမြေတွင် တည်ရှိနေသည်မှာ ဂုဏ်ယူဖွယ်ဖြစ်သည်။ ဟိမဝန္တာတောင်တန်းကြီးဗဟိုတွင် အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ ဘူတန်၊ တရုတ် အာရှငါးနိုင်ငံတည်ရှိပြီး တောင်စွယ်တောင်တန်းများဖြတ်သန်းရာဒေသများတွင် နိုင်ငံရှစ်နိုင်ငံရှိသည်။ အဆိုပါနိုင်ငံများတွင် မြန်မာနိုင်ငံလည်းပါဝင်ပြီး မြန်မာနိုင်ငံ၏ တည်နေရာဒေသအားလုံး၏ ၄၇ ရာခိုင်နှုန်းသည် ဟိမဝန္တာဒေသအတွင်းကျရောက်နေသည်။ မြန်မာနိုင်ငံ မြောက်ဘက်အစွန်ရှိ ခါကာဘိုရာဇီ၊ ဂန်လန်ရာဇီ၊ ပတ်ကွိုင်တောင်တန်းကြီးများသည် ဟိမဝန္တာတောင်တန်းကြီး၏ ဗဟိုဒေသနှင့်အနီးစပ်ဆုံးဖြစ်သည်။

မြန်မာနိုင်ငံသည် ဟိမဝန္တာဒေသတွင် တစ်ဝက်နီးပါးကျရောက်နေသည့် နိုင်ငံဖြစ်ပြီး ထူးခြားဆန်းကြယ်မှုများနှင့်အသုံးဝင်မှုများကို များသောအားဖြင့် သတိမမူမိပေ။ ထို့ကြောင့် ဟိမဝန္တာနှင့်ပတ်သက်၍ နိုင်ငံသူ နိုင်ငံသားများ သိရှိထားသင့်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲ အချက်အချာနေရာများဖြစ်သော အင်ဒို-မြန်မာ၊ တရုတ်အနောက်တောင် တောင်တန်းများနှင့် ဟိမဝန္တာဒေသများ၏ ဂေဟဗေဒဆိုင်ရာ ကူးပြောင်းမှုဇုံနယ်အတွင်းတည်ရှိသည်။ ကချင်ပြည်နယ် မြောက်ပိုင်း တောင်တန်းဒေသများတွင် သဘာဝထိန်းသိမ်းရေးနယ်မြေရှစ်ခု ရှိပြီး နိုင်ငံဧရိယာ၏ ၂ ဒသမ ၅၉ ရာခိုင်နှုန်း ရှိသည်။

သက်ရှိလောကတွင် သဘာဝပတ်ဝန်းကျင်၊ လူသားများနှင့် တိရစ္ဆာန်များ သဟဇာတရှိစွာ ရှင်သန်ရေးသည် အရေးကြီးသည်။ အဆိုပါ ဂေဟစနစ်ကြီးတစ်ခုလုံး ရှင်သန်ဖွံ့ဖြိုးထိန်းသိမ်းထားနိုင်မှသာ သက်ရှိများအားလုံး ရှင်သန်ဖွံ့ဖြိုးမည်ဖြစ်သည်။ အဆိုပါဂေဟစနစ်ကြီးတစ်ခုလုံး ပျက်သုဉ်းလာပါက သက်ရှိလောကကြီး တစ်ခုလုံး ထိခိုက်လာမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိစွာ နေထိုင်မှုသည် လူသားများနှင့်သဘာဝအကြား အပြန်အလှန်အမှီသဟဲပြုပြီး ကောင်းမွန်သော သက်ရှိလောကကို ဖန်တီးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် သစ်တောများကာကွယ်ရေး၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး လုပ်ငန်းများကို နိုင်ငံတော်၏ ဦးစားပေးကဏ္ဍအဖြစ် အကောင်အထည်ဖော်လျက် ရှိသည်။ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ နှင့်ပူးပေါင်းလက်တွဲလျက် သုတေသနလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ လူသားများနှင့်သဘာဝတရားအကြား သဟဇာတဖြစ်သောဖွံ့ဖြိုးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ကဏ္ဍသုံးခု ချိတ်ဆက်ပေးရန်ရည်ရွယ်ချက်ဖြင့် တတိယအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို တရုတ်နိုင်ငံ ရှင်ကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အောက်တိုဘာလ ၄ ရက်နေ့မှ ၆ ရက်နေ့အထိကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ပြီး ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ဟိမဝန္တာတောင်တန်းဒေသကြီးသည် လူသားမျိုးနွယ်၊ သက်ရှိသတ္တဝါနှင့်ဂေဟစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်ဒေသကြီးဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် သဘာဝအခြေပြုလုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် လက်တွေ့ကျ၍ ခိုင်မာသောမူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရန်အကြံပြုခဲ့ပြီး ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြားနှင့် ပိုးလမ်းမနှင့်ရပ်ဝန်းဆိုင်ရာကိစ္စများတွင် နိုင်ငံများနှင့်အတူတကွတက်ကြွကြွ ပူးပေါင်းလက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## နယ်စပ်ရေးရာဝန်ကြီးဌာနက မိတ္ထီလာမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် ကြက်ဥများ ဆက်ကပ်လှူဒါန်း




**နေပြည်တော် အောက်တိုဘာ ၆**

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် ဝါတွင်းကာလ ဝါဆိုဝါကပ်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့်ကြက်ဥများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ ညောင်ပင်သာဓမ္မာရုံ ရတနာကျောင်းတိုက်သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိတ္ထီလာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ သွားရောက်၍ ဆရာတော်၊ သံဃာတော်၊ စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆ - ၁၀ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၅၆ | ၅၀၂,၄၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၅၀ | ၁,၅၃၈ | ၄,၆၁၄,၅၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁,၁၀၂ | ၁,၈၂၃,၃၅၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၃၂၀ | ၇၆၈,၀၀၀ |
| EFR | ၂,၁၅၀ | ၂,၁၀၀ | ၈၄၄ | ၁,၇၉၂,၈၅၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၄၂၆ | ၂,၀၄၄,၈၀၀ |
| MAEX | ၁,၈၅၀ | ၁,၈၅၀ | ၆၀၃ | ၁,၁၁၅,၅၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်တွေ့ဆုံပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# ကမ်းခြေစောင့်တပ်ဖွဲ့၏ သဘောသဘာဝသည် ကမ်းရိုးတန်းတစ်လျှောက်နှင့် ပိုင်နက်ပင်လယ်ပြင်အတွင်း နယ်နိမိတ်၏ တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးတာဝန်များကို ထမ်းဆောင်ရခြင်းဖြစ်

☆ ရွှေဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကိုကိုကျော်၊ တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

**ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ခဲ့မှုနှင့် တပ်ဖွဲ့၏ရည်မှန်းချက် တာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တွေ့ဆုံပွဲ၌ အရာရှိ၊ စစ်သည်များအား အမှာစကားပြောကြားရာတွင် ယနေ့သည် ကမ်းခြေစောင့်တပ်ဖွဲ့၏ (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားပင်ဖြစ်ပြီး မိမိကိုယ်တိုင် ဖွဲ့စည်းဖွင့်လှစ်ပေးခဲ့သည့် ပထမဦးဆုံးသောနိုင်ငံ၏ ကမ်းခြေစောင့်တပ်ဖွဲ့ဖြစ်ကြောင်း၊ နှစ်နှစ်တာကာလအတွင်း တပ်ဖွဲ့၏ ရုပ်ပိုင်းဆိုင်ရာနှင့် ဖွဲ့စည်းပုံပိုင်းဆိုင်ရာများတွင် တတ်နိုင်သမျှပြည့်စုံအောင် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဆက်လက်၍လည်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကျယ်ဝန်းသည့် ပိုင်နက်ပင်လယ်ပြင်နှင့် ရှည်လျားသည့် ကမ်းရိုးတန်းပိုင်ဆိုင်သော ကမ်းရိုးတန်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ်းရိုးတန်းတစ်လျှောက်တွင်လည်း ကျွန်းပေါင်းများစွာရှိကာ သဘာဝကပေးအပ်သည့် အရင်းအမြစ်များ၊ စီးပွားရေးအခွင့်အလမ်းများ များစွာရှိကြောင်း၊ ထို့ကြောင့် **နိုင်ငံတော်၏ ပိုင်နက်ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းကို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ်းခြေစောင့်တပ်ဖွဲ့ တာဝန်ထမ်းဆောင်မှု နှစ်နှစ်တာကာလအတွင်း ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးလုပ်ငန်းတာဝန်များနှင့် ရှာဖွေကယ်ဆယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ခဲ့သည့် အရာရှိတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

**အလုံးစုံကာကွယ်စောင့်ရှောက်နိုင်ရန် တပ်မတော်(ရေ)အပြင် ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေး တာဝန်များကို အဓိကထမ်းဆောင်နိုင်မည့် ကမ်းခြေစောင့်တပ်ဖွဲ့တစ်ခု ရှိသင့်သည်ဟုယူဆ၍ ယခင်ကတည်းကပင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပြီး အခြားနိုင်ငံများ၏ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းတည်ဆောက်ပုံများကို အချိန်ယူလေ့လာဆောင်ရွက်ခဲ့ရကြောင်း။**

ကမ်းခြေစောင့်တပ်ဖွဲ့၏ သဘောသဘာဝသည် **ကမ်းရိုးတန်းတစ်လျှောက်နှင့် ပိုင်နက်ပင်လယ်ပြင်အတွင်း နယ်နိမိတ်၏တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး တာဝန်များကို ထမ်းဆောင်ရခြင်းဖြစ်**ကြောင်း၊ ယခုတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်ဖွဲ့ဝင်အရာရှိ၊ စစ်သည်များသည် မိမိတို့နိုင်ငံ၏ ကမ်းခြေစောင့်တပ်ဖွဲ့ သမိုင်းသစ်တစ်ခုကို စတင်ခဲ့ကြခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)မှ ရှိရင်းစွဲ လူသားအရင်းအမြစ်များ၊ ရေယာဉ်များဖြင့် စနစ်တကျ စုဖွဲ့တည်ဆောက်ထားခြင်းဖြစ်သဖြင့် စံပြုတပ်ဖွဲ့တစ်ခုဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း။

ယခင်က မိမိတို့နိုင်ငံတွင် ကမ်းခြေစောင့်တပ်ဖွဲ့ မရှိသည့်အတွက် ပိုင်နက်ပင်လယ်ပြင်နှင့် ရေကြောင်းအကျိုးစီးပွားများ၊ ရေကြောင်းသယံဇာတများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ရေကြောင်းလုံခြုံရေး ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်များကို တပ်မတော်(ရေ)က ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းပေးပြီးဖြစ်သည့်အတွက် ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ လူသားချင်းစာနာမှု အကူအညီပေးရေးကဏ္ဍများကို ကမ်းခြေစောင့်တပ်ဖွဲ့က အဓိကထားဆောင်ရွက်ကြရမည်ဖြစ်ပြီး ရေကြောင်းအကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရေး၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့် ပင်လယ်ပြင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကိုလည်း လုပ်ဆောင်ရန် တာဝန်ရှိမည်ဖြစ်ကြောင်း။

❖ **ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ လူသားချင်းစာနာမှုအကူအညီပေးရေးကဏ္ဍများကို ကမ်းခြေစောင့်တပ်ဖွဲ့က အဓိကထားဆောင်ရွက်ကြရမည်ဖြစ်ပြီး ရေကြောင်းအကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရေး၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့် ပင်လယ်ပြင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကိုလည်း လုပ်ဆောင်ရန် တာဝန်ရှိမည်**

**လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်ကောင်းမွန်ရေးတို့ကို အချိတ်အဆက်မိမိ ဆောင်ရွက်**

ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် အခြားအိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများရှိ ကမ်းခြေစောင့်တပ်ဖွဲ့များဖြင့်လည်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ပေးအပ်ထားသည့်တာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ရေးအတွက် လေ့ကျင့်ရေးလုပ်ငန်းများကို မပြတ်ဆောင်ရွက်နေရန် လိုအပ်မည်ဖြစ်ကြောင်း၊ လေ့ကျင့်ရေးဆောင်ရွက်ခြင်းသည် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြစ်ပြီး တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုများနှင့် ရေယာဉ်များ၏စွမ်းပကားများကို ပိုမိုအသုံးချနိုင်ရန်ဖြစ်ကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏ အရည်အသွေးပြည့်ဝရန် လိုသကဲ့သို့ ရေယာဉ်နှင့် အသုံးအဆောင်ပစ္စည်းများ ပြည့်စုံရန်လည်းလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ **ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်ရာ၌ ပြည်တွင်း၊ ပြည်ပမှ ချမှတ်ထားသည့် ရေကြောင်းဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်ထားမှသာလျှင် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာ၌ ပိုမိုလွယ်ကူမည်ဖြစ်ပြီး နိုင်ငံတကာနှင့်လည်း တွင်တွင်ကျယ်ကျယ် ဆက်ဆံဆောင်ရွက်နိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် အရာရှိ၊ စစ်သည်များအနေဖြင့် မိမိတို့အဆင့်အလိုက် သိသင့်သိထိုက်သည့် ရေကြောင်းဆိုင်ရာဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

**စာမျက်နှာ ၄ သို့** ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ်းခြေစောင့်တပ်ဖွဲ့ဌာနချုပ်အတွင်း မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

✰ စာမျက်နှာ ၃ မှ

အုပ်ချုပ်ရေးပိုင်းဆိုင်ရာနှင့်ပတ်သက်၍ အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ပြီး စည်းကမ်းစနစ်တကျဆောင်ရွက်ခြင်းဖြင့် မိမိတို့တပ်ဖွဲ့၏ အုပ်ချုပ်မှုကောင်းခြင်းကို ပြသနိုင်ရန်လိုကြောင်း၊ တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏ ရသင့်ရထိုက်သည့်အကျိုးခံစားခွင့်များကို မှန်မှန်ကန်ကန်ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုပြီး လူမှုရေး၊ ကျန်းမာရေးဆိုင်ရာအခက်အခဲများကိုလည်း တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း။

သက်သာချောင်ချိရေးပိုင်းနှင့် ပတ်သက်၍ မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ခြင်းဖြင့် တစ်ဦးချင်းစီ၏ သက်သာချောင်ချိမှုကို တည်ဆောက်သွားရန် လိုအပ်သကဲ့သို့ တပ်ဖွဲ့မှလည်း တစ်ဦးချင်းသက်သာချောင်ချိမှုရှိစေရေး တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိကိုယ်ကို အလိုလိုက်ခြင်းဖြင့် မိမိနှင့် မိမိပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်ပြီး မိမိလက်အောက်ကို အလိုလိုက်ခြင်းဖြင့် တပ်ဖွဲ့၏ စည်းကမ်းစနစ်တကျဖြစ်မှုကို ထိခိုက်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ညီညွတ်မျှတစွာ ကွပ်ကဲဦးဆောင်၍ တပ်ဖွဲ့ဝင်တစ်ဦး တစ်ယောက်ချင်းစီ၏ နေထိုင်သွားလာစားသောက်မှု၊ ဝတ်စားဆင်ယင်မှု စည်းကမ်းစနစ်တကျရှိခြင်းမှသည် တပ်ဖွဲ့ကောင်းတစ်ရပ်ကို ပုံဖော်တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်ကို ကာကွယ်မည်၊ နိုင်ငံသူ၊ နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်မည်ဟူသည့် နဂိုအရင်းခံစိတ်ဓာတ်ကောင်းဖြင့် ဝင်ရောက်အမှုထမ်းခဲ့သူများဖြစ်ကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ ရှိရင်းစွဲစိတ်ဓာတ်ကောင်းများကို ဆက်လက်ထိန်းသိမ်း၍ မိမိတို့ကို ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန်လိုကြောင်း၊ စိတ်ဓာတ်ကောင်းမွန်မှသာလျှင် စည်းကမ်းကောင်းမွန်မည်ဖြစ်ပြီး စွမ်းရည်ထက်မြက်သည့် တပ်ဖွဲ့တစ်ခုဖြစ်စေရေးအတွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ်းခြေစောင့်တပ်ဖွဲ့တာဝန်ထမ်းဆောင်မှုဂုဏ်ပြုတံဆိပ်ကို ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကိုကိုကျော်အား ပေးအပ်စဉ်။

လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်ကောင်းမွန်ရေး စသည့် အချက်လေးချက်ကို တစ်ခုနှင့်တစ်ခု အချိတ်အဆက်မိမိ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် ယခုအချိန်တွင် (၂)နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ရောက်ရှိပြီဖြစ်ပြီး နှစ်နှစ်တာကာလအတွင်း ပိုင်နက်ပင်လယ်ပြင်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် ကာကွယ်ရေးတာဝန်ထမ်းဆောင်မှုများကို အသိအမှတ်ပြုပါကြောင်းနှင့် ယခုထက်ပိုမိုသည့် စွမ်းဆောင်ရည်ကို ပြသသွားကြရန် တိုက်တွန်းမှာကြားလို**ကြောင်း၊ ကမ်းခြေစောင့်တပ်ဖွဲ့ကို စံပြုတပ်ဖွဲ့တစ်ခုဖြစ်အောင် ဆောင်ရွက်သွားကြရန်နှင့် စွမ်းရည်ထက်မြက်သည့် တပ်ဖွဲ့တစ်ခုအဖြစ် ဆက်လက်ရပ်တည်သွားနိုင်ကြရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

### ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကမ်းခြေစောင့်တပ်ဖွဲ့တာဝန်ထမ်းဆောင်မှု နှစ်နှစ်တာကာလအတွင်း ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေး လုပ်ငန်းတာဝန်များနှင့် ရှာဖွေကယ်ဆယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကမ်းခြေစောင့်တပ်ဖွဲ့တာဝန်ထမ်းဆောင်မှုဂုဏ်ပြုတံဆိပ်ကို ပေးအပ်ရာ ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကမ်းခြေစောင့်တပ်ဖွဲ့ တပ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြု ပြန်လည်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ်က ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်အစည်းအဝေးခန်းမ၌ ရည်မှန်းချက်တာဝန်ထမ်းဆောင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်အတွင်း လှည့်လည်၍ နိုင်ငံ၏ပိုင်နက်ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းတစ်လျှောက် ရာသီဥတု အခြေအနေနှင့် လှုပ်ရှားမှုများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်သတင်းအချက်အလက်စုဆောင်းမှုစနစ်ဖြင့် တာဝန်ထမ်းဆောင်နေမှုများ၊ တပ်ဖွဲ့ပြခန်းအတွင်း ခင်းကျင်းပြသထားရှိမှုများ၊ စာကြည့်တိုက်ပြုလုပ်ထားရှိမှုများကို လိုက်လံကြည့်ရှု၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ရေယာဉ်များအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေယာဉ်များမှ အရာရှိ၊ စစ်သည်များ၏ အလေးပြုခြင်းကို ခံယူကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ဌာနချုပ်အတွင်း လှည့်လည်၍ အရာရှိ၊ စစ်သည် မိသားစုများအတွက် နောင်ရိုးသောက်ရေသန့်စက်ရုံ ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် အိမ်ထောင်သည် လိုင်းခန်းများအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

- **ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်ရာ၌ ပြည်တွင်း၊ ပြည်ပမှ ချမှတ်ထားသည့် ရေကြောင်းဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်ထားမှသာလျှင် လုပ်ငန်းတာဝန်များထမ်းဆောင်ရာ၌ ပိုမိုလွယ်ကူမည်ဖြစ်ပြီး နိုင်ငံတကာနှင့်လည်း တွင်တွင်ကျယ်ကျယ် ဆက်ဆံဆောင်ရွက်နိုင်မည်**
- **စိတ်ဓာတ်ကောင်းမွန်မှသာလျှင် စည်းကမ်းကောင်းမွန်မည်ဖြစ်ပြီး စွမ်းရည်ထက်မြက်သည့် တပ်ဖွဲ့တစ်ခုဖြစ်စေရေးအတွက် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်ကောင်းမွန်ရေး စသည့် အချက်လေးချက်ကို တစ်ခုနှင့်တစ်ခု အချိတ်အဆက်မိမိ ဆောင်ရွက်သွားရမည်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန် ဦးဗိုလ်ငွေး နှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ရန်ကုန်မြစ်နှင့် မှော်ဝန်းချောင်းကြားနေရာရှိ မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၊ သီလဝါ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား မွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် တာဝန်ရှိသူများက သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ တွံတေးမြို့နယ်ရှိ ရွှေမုယင်းငါးကန်နှင့် ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးပြီး လုပ်ငန်းလည်ပတ်နေမှု အခြေအနေများ၊ ငါး၊ ဥစားဘဲ၊ ဥစားကြက်၊ အသားတိုးကြက်၊ နို့စားနွား၊ အသားစားနွား၊ အသားတိုးဝက် စသည့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွက်နှုန်းတိုးတက်မြင့်မားစေရေး မျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူခြင်း၊ သားဖောက်မွေးမြူခြင်းများ ဆောင်ရွက်လျက်ရှိပြီး အစာပြည့်စုံကောင်းမွန်မှုရှိစေရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ထွက်ရှိလာသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးလျက်ရှိသည့် အခြေအနေများ၊ မွေးမြူရေးဇုန်များ၌ အစာစပ်လုပ်ငန်းနှင့် အစာတောင့်စက်များ ထုတ်လုပ်လျက်ရှိမှု၊ နို့ထွက်ပစ္စည်းများ ထုတ်လုပ် ရောင်းချလျက်ရှိမှု အခြေအနေများ၊ မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘိုးဘွားမျိုးရင်း ကြက်၊ ဝက် GP Farm များ တည်ထောင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ သွားရောက်၍ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို လေ့လာခဲ့မှုနှင့် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးနည်းစနစ်များ၊ နည်းပညာများနှင့် လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များကို သုံးသပ်တွေ့ရှိခဲ့ရမှု အခြေအနေများ၊ ပြည်ပနိုင်ငံများနှင့် မိမိတို့နိုင်ငံ၏ ပြောင်းစိုက်ပျိုးထုတ်လုပ်မှု နှိုင်းယှဉ်တင်ပြချက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆက်လက် တိုးချဲ့ဆောင်ရွက်သွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် မြေယာအသုံးချမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တိုင်းဒေသကြီးအတွင်း စားရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ရင်းနှီးမတည်ငွေများကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ချေးပေးထားမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်မှ ထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစဉ်။

## တိုးမြှင့်ဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ စိုက်ပျိုးမွေးမြူရေးဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသား၊ ငါးနှင့် ရာသီသီးနှံဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်း** ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ဝယ်လိုအားနှင့် ရောင်းလိုအား မျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ရခြင်းမှာ သွင်းအားစုများနှင့် လုပ်အားခများ ဈေးနှုန်းကြီးမြင့်ခြင်းကြောင့်ဖြစ်ပြီး စားသုံးမှုလိုအပ်ချက်ကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့ချနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ကို တာဝန်ပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွက် အသား၊ ငါးနှင့် ရာသီသီးနှံ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း။

**စာမျက်နှာ ၆ သို့ ❂**

❖ **ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ စိုက်ပျိုးမွေးမြူရေးဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသား၊ ငါးနှင့် ရာသီသီးနှံ ဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်**

❖ **ဥစားကြက်၊ ဘဲမွေးမြူရေးနှင့်ပတ်သက်၍ ဥထွက်ရှိမှုပမာဏ၊ ဥသည့်အချိန်ကာလတို့ကို စနစ်တကျတွက်ချက်ချိန်ညှိ၍ အသုတ်လိုက် မွေးမြူသည့်စနစ်ဖြင့် စဉ်ဆက်ပြတ်မှု မရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ အမှာစကားပြောကြားစဉ်။

❂ စာမျက်နှာ ၅ မှ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ၏ တစ်နေ့တာပျမ်းမျှ အသား၊ ငါး စားသုံးမှုလိုအပ်ချက်ပမာဏကိုတွက်ချက်၍ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်အောင် မွေးမြူ ထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ **ဥစားကြက်၊ ဘဲမွေးမြူရေးနှင့်ပတ်သက်၍ ဥထွက်ရှိမှုပမာဏ၊ ဥသည့် အချိန်ကာလတို့ကို စနစ်တကျတွက်ချက်ချိန်ညှိ၍ အသုတ်လိုက် မွေးမြူသည့်စနစ်ဖြင့် စဉ်ဆက်ပြတ်မှု မရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်**ကြောင်း၊ အလားတူ အခြားမွေးမြူရေး လုပ်ငန်းများတွင်လည်း စဉ်ဆက်မပြတ် မွေးမြူမှုဖြစ်စေရေး တွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း၊ အသားစားနွားများကို အောင်မြင်ဖြစ်ထွန်းအောင် မွေးမြူရန်လိုပြီး မွေးမြူရေးနွား၊ စပ်မျိုးနွားနှင့် ဒေသနွားများကို သုတေသနပြု ဆောင်ရွက်ကာ အထွက်နှုန်းကောင်းမွန်သည့် နွားမျိုးများရရှိရေး ဆောင်ရွက်ရန်လိုကြောင်း၊ နွားစာမြက်များ စိုက်ပျိုးရာတွင် စဉ်ဆက်မပြတ် ထုတ်ယူအသုံးပြုနိုင်ရေး စနစ်ကျနသည့် ရိတ်သိမ်းမှုစနစ်ရှိရန်နှင့် နွားချေးများကိုလည်း မြေဩဇာအဖြစ် ပြန်လည်သုံးစွဲသွားရန်လိုကြောင်း။

**စနစ်တကျပြုပြင်**

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာ နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းသာမက စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးစနစ်များကို ဖော်ဆောင်သွားရန်လိုကြောင်း၊ လိုအပ်သည့် သွင်းအားစုများ လုံလောက်စွာ ရရှိနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် **မျိုး၊ မြေ၊ ရေ၊ နည်း** ဟူသော မျိုးကောင်းမျိုးသန့်ရရှိအောင်ဆောင်ရွက်ရန်၊ မြေကို စနစ်တကျပြုပြင်ဆောင်ရွက်ရန်၊ အောင်ရေရရှိရန်၊ စိုက်နည်းစနစ်များ မှန်ကန်ရန် အဓိက လိုအပ်မည်ဖြစ်ကြောင်း၊ **နိုင်ငံအတွင်း ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးသီးနှံများကို နည်းစနစ်ကျနစွာဖြင့် ထုတ်လုပ်နိုင်မည့် မြေအရင်းအမြစ်များစွာရှိပြီးဖြစ်သဖြင့် ခေတ်စနစ်နှင့် လျော်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး စဉ်းစားဆောင်ရွက်ကြရန်လို**ကြောင်း၊ သွင်းအားစုနှင့် ပတ်သက်၍ မြေဩဇာ၊ ရေရရှိရေး၊ လုပ်အားခဟူ၍ရှိပြီး လုပ်သားရှားပါးမှုပြဿနာကို ယန္တရားများဖြင့် ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်သွားရန် လိုကြောင်း၊ မြေဩဇာ လိုအပ်ချက်ကြောင့် အထွက်နှုန်းလျော့ကျမှုမရှိစေရေးအတွက် ပြည်ပမှ တင်သွင်းရန်လိုအပ်သည့် မြေဩဇာများကို တင်သွင်းခွင့် ပြုထားပေးပြီးဖြစ်ကြောင်း၊ သီးထပ်စွမ်းအားများကို တိုးတက်အောင်ဆောင်ရွက်ပြီး သီးထပ်စွမ်းအားများ တိုးတက်လာပါက တောင်သူများ ဝင်ငွေ ကောင်းလာနိုင်မည် ဖြစ်ကြောင်း။

**ထုတ်လုပ်ဖြန့်ဖြူး**

စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးသည် ပထမဦးစားပေးပင်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် လမ်းပန်းဆက်သွယ်မှုလျင်မြန်ချောမွေ့ပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်မည့် အခြေအနေရှိပြီးဖြစ်ကြောင်း၊ အဓိကလိုအပ်သည်မှာ အမှန်တကယ် အလုပ်လုပ်ရန်ဖြစ်ပြီး အလုပ်လုပ်နိုင်ရေးအတွက်လည်း အစိုးရက ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တင်ပြချက်များကို အချိန်ပေး၍ နားထောင်ခဲ့ခြင်းဖြစ်ပြီး မိမိတို့ဆောင်ရွက်ရသည့် လုပ်ငန်းအလိုက် အောင်မြင်မှုရရှိစေရေး ကြိုးပမ်း ဆောင်ရွက်သွားရန် လိုကြောင်း၊ **ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာမှုမှ ရရှိလာ**သည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အတွေ့အကြုံများနှင့် နည်းစနစ်များကို အသုံးချ၍လည်း မိမိတို့နိုင်ငံ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

❖ **နိုင်ငံအတွင်း ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးသီးနှံများကို နည်းစနစ်ကျနစွာဖြင့် ထုတ်လုပ်နိုင်မည့် မြေအရင်းအမြစ်များစွာရှိပြီးဖြစ်သဖြင့် ခေတ်စနစ်နှင့်လျော်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး စဉ်းစားဆောင်ရွက်ကြရန်လို**

❖ **စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးသည် ပထမဦးစားပေးပင်ဖြစ်**

❖ **ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာမှုမှ ရရှိလာသည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အတွေ့အကြုံများနှင့် နည်းစနစ်များကို အသုံးချ၍လည်း မိမိတို့နိုင်ငံ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ ဖုန်တွင် မွေးမြူထားရှိသည့် ငါးအမျိုးအစားနမူနာပြသထားရှိမှုများကို ကြည့်ရှုစဉ်။

**ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တွင် မွေးမြူထားရှိသည့် ငါးအမျိုးအစားနမူနာပြသထားရှိမှုများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ခင်းကျင်း ပြသထားမှုများကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် မွေးမြူရေးဇုန်အတွင်းရှိ ငါးသားဖောက်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ငါးသားပေါက်မွေးမြူထားရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✳ ကျောဖုံးမှ

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ကမ္ဘာပေါ်တွင် လူဦးရေသန်း ၈၀၀၀ ခန့်ရှိ**

ဦးစွာ National Database စနစ်တည်ဆောက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ယနေ့ကမ္ဘာပေါ်တွင် လူဦးရေသန်း ၈၀၀၀ ခန့်ရှိပြီး စစ်တမ်းများအရ သက်သေခံကတ်မရှိသူ လူဦးရေသန်း ၁၀၀၀ ခန့်၊ သက်သေခံကတ်ရှိပြီး ဒစ်ဂျစ်တယ် သက်သေခံကတ်မရှိသူ လူဦးရေ သန်း ၃၄၀၀ ခန့်၊ ဒစ်ဂျစ်တယ်သက်သေခံကတ်ရှိသူ လူဦးရေ သန်း ၃၆၀၀ ခန့်ရှိကြောင်းကို တွေ့ရှိရကြောင်း။

ကမ္ဘာ့နိုင်ငံများအနက် ဒစ်ဂျစ်တယ် သက်သေခံကတ် သုံးစွဲနိုင်မှုအနေဖြင့် ဒစ်ဂျစ်တယ် သက်သေခံကတ်စနစ်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် နိုင်ငံ ၄၆ နိုင်ငံ၊ ဒစ်ဂျစ်တယ် သက်သေခံကတ်စနစ်သုံးစွဲပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ မဆောင်ရွက်နိုင်သည့် နိုင်ငံ ၁၁၉ နိုင်ငံ၊ ဒစ်ဂျစ်တယ် သက်သေခံကတ်စနစ် မဆောင်ရွက်နိုင်သည့် နိုင်ငံ ၃၃ နိုင်ငံရှိသည်ကို လေ့လာတွေ့ရှိရကြောင်း။

မိမိတို့နိုင်ငံတွင်လည်း Digital စနစ်ကိုကူးပြောင်းပြီး e-Government စနစ်ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် National Database စနစ် တည်ဆောက်ရေး ဦးဆောင်ကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ် မေလ ၂၂ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၈၇/၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၅၉/၂၀၂၃ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း။

**လုပ်ငန်းတာဝန်များ**

National Database စနစ်တည်ဆောက်ရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များသည် e-ID စနစ်အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် မူဝါဒများချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက် အကောင်အထည်ဖော်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊ e-ID စနစ်အတွက် လိုအပ်သည့် နည်းလမ်းရရှိရန်အတွက် G to G ရရှိနိုင်ရေး ကူညီဆောင်ရွက်ခြင်း၊ နိုင်ငံတော်လုံခြုံရေးအရ ပြည်ပကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ အစိုးရများမှ တိုက်ရိုက်ဝင်ရောက်လုပ်ဆောင်မှုများဖြစ်ပေါ်ခြင်း မရှိစေရန် ကြီးကြပ်ခြင်း၊ နည်းပညာကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်ရရှိရေး ဖြည့်တင်း ဆောင်ရွက်ပေးခြင်းတို့ပင် ဖြစ်ကြောင်း။

e-Government စနစ်၏ အခြေခံအကျဆုံးဖြစ်သည့် e-ID စနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို တာဝန်ခံဝန်ကြီးဌာန (Focal Ministry)အဖြစ် တာဝန်ပေးအပ်ခဲ့ပြီး အဖွဲ့ဝင် ၂၉ ဦး ပါဝင်သည့် e-ID စနစ်လုပ်ငန်းကော်မတီကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

e-ID စနစ်လုပ်ငန်းကော်မတီအောက်တွင် e-ID စနစ် အကောင်အထည်ဖော်ရေးကြီးကြပ်မှုဆပ်ကော်မတီ၊ စီမံချက်ရေးဆွဲရေးဆပ်ကော်မတီ၊ ဥပဒေ၊ နည်းဥပဒေရေးဆွဲရေး ဆပ်ကော်မတီ၊ နည်းပညာနှင့် တင်ဒါရေးဆွဲရေး ဆပ်ကော်မတီ၊ ဘဏ္ဍာငွေဆိုင်ရာ ဆပ်ကော်မတီ၊ ပြန်ကြားရေးဆိုင်ရာ ဆပ်ကော်မတီ စသည့်ဆပ်ကော်မတီ ခြောက်ခုကိုလည်း ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

**Master Plan ရေးဆွဲ**

အဆိုပါ ကော်မတီများအနေဖြင့် e-ID စနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ Master Plan ရေးဆွဲခြင်း၊ System Architecture Design ရေးဆွဲခြင်း၊ ပြည်ပနည်းပညာ အကြံပေးငှားရမ်းရာတွင် လိုက်နာရမည့်လုပ်ငန်းလမ်းညွှန် (ToR) ရေးဆွဲခြင်းနှင့် ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေနှင့် ၁၉၅၁ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေတို့ကို အခြေခံပြီး ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ခြင်းကို အီလက်ထရောနစ်စနစ်နှင့် ဆောင်ရွက်ခြင်းဆိုင်ရာ နည်းဥပဒေများ(မူကြမ်း)ကိုလည်း ရေးဆွဲနိုင်ခဲ့ကြောင်း။

e-ID စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် ကိုယ်ရေးအချက်အလက်များ (Biographic Data) ကောက်ယူပြီး Database အတွင်း ထည့်သွင်းခြင်း၊ ဇီဝဆိုင်ရာအချက်အလက်များ (Biometric Data) ကောက်ယူခြင်း၊ စိစစ်ခြင်းနှင့် Unique ID (UID) နံပါတ်ထုတ်ပေးခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ကတ်ပုံစံအလွတ်များ ထုတ်လုပ်ခြင်း၊ ကတ်ပုံစံအလွတ်များတွင် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းခြင်းနှင့် e-ID စနစ်လုပ်ငန်းစဉ်ကို ကြီးကြပ်ကွပ်ကဲခြင်း စသည့် အဆင့်(၅)ဆင့်နှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

e-ID ဟု ခေါ်သည့် အီလက်ထရောနစ်နည်းပညာသုံးစနစ်ဆိုသည်မှာ နိုင်ငံအတွင်းတွင် တရားဝင်မှီတင်းနေထိုင်နေကြသူအားလုံး၏ ကိုယ်ရေးအချက်အလက်များကို ခေတ်မီနည်းပညာကွန်ပျူတာစနစ်ကို အသုံးပြုပြီး အစိုးရ၏ Database ထဲတွင် သိမ်းဆည်းထားခြင်းဖြစ်ကြောင်း၊ လိုအပ်ပါက လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များကို ပြန်လည် ရှာနိုင်ရန်အတွက်လည်း လူတစ်ဦးချင်းစီ၏ Unique Identification Number များ ထုတ်ပေးခြင်း၊ တစ်နည်းအားဖြင့် e-Government အောင်မြင်ရန် လစ်ဟာနေသည့် Human Resource Database ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် National Integration System သို့မဟုတ် Population Registration ဟု ခေါ်ဆိုပါကြောင်း၊ နိုင်ငံတကာ၌ e-ID စနစ်တွင် အခြေခံအားဖြင့် အနည်းဆုံး နိုင်ငံသားများကို ကာကွယ်နိုင်ရန်နှင့် အုပ်ချုပ်ရန်အတွက် Human Resource Database၊ စီးပွားရေးလုပ်ငန်းများအပေါ် လိမ်လည်ရောင်းဝယ်မှု၊ ထိန်းချုပ်မှုတို့ကို ကာကွယ်ပေးနိုင်ရန်အတွက် Business Database၊ ရွှေ့ပြောင်းနိုင်သည့် ယာဉ်များကို ထိန်းချုပ်နိုင်ရန်နှင့် ပြည်သူများ ယာဉ်အန္တရာယ်မှ ကာကွယ်ပေးနိုင်ရန် Asset Database၊ အိုးအိမ်တိုက်တာများကဲ့သို့ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို ထိန်းချုပ်ရန်နှင့် ရောင်းမှား၊ ဝယ်မှားဖြစ်မှုများကို ကာကွယ်နိုင်ရန် Property Database ဟူ၍ရှိပြီး ယခုသွားမည့် e-ID စနစ်တွင် မရှိမဖြစ် လိုအပ်သည့် Database များ ဖြစ်ပါကြောင်း။

National Integration System တွင် နိုင်ငံသားဖြစ်ခြင်းနှင့် မဖြစ်ခြင်း မသက်ဆိုင်ဘဲ နိုင်ငံအတွင်း၌ တရားဝင်နေထိုင်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသားအားလုံးတို့၏ ကိုယ်ရေးအချက်အလက်နှင့် သက်ဆိုင်ပါကြောင်း၊ နည်းစနစ်ကို မဏ္ဍိုင်ထားပြီး နိုင်ငံတော်အစိုးရအဖွဲ့အောက်တွင်ရှိသည့် ဝန်ကြီးဌာနများနှင့် အလွှာပေါင်းစုံက Database များကလည်း မှီခိုချိတ်ဆက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံသားဖြစ်ခြင်းနှင့် မဖြစ်ခြင်း၊ ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသားဖြစ်ခြင်း မဖြစ်ခြင်းကို စိစစ်ရမည်မှာ e-ID Database ထဲမှ ကိုယ်ရေးအချက်အလက်များပေါ်မူတည်ပြီး သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**လျင်မြန်စွာ ဝန်ဆောင်မှုပေးနိုင်ရေး**

ထို့ကြောင့် e-ID စနစ်အတွက် လူတစ်ဦးချင်းစီက ထင်ရှားသည့် ကိုယ်ရေးအချက်အလက်များကို ရယူရာတွင် နိုင်ငံအတွင်းနေထိုင်သူ အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လက်မှတ်ရရှိထားသူ PR များနှင့် ပြည်တွင်းနေအခွန်ဆောင် နိုင်ငံခြားသားမှတ်ပုံတင် လက်မှတ်(FRC) ကိုင်ဆောင်ထားသူများ၏ Biographic Data၊ Biometric Data များ ကောက်ယူပြီး လူတစ်ဦးချင်းစီကို ဂဏန်း ၁၀ လုံး ပါဝင်သည့် Unique ID နံပါတ်များ သီးခြားထုတ်ပေးကာ ယင်း Unique ID ကို မဏ္ဍိုင်ပြုပြီး ဝန်ကြီးဌာနအသီးသီးက မိမိတို့ဌာနအလိုက်ရှိနေသည့် အကောင်အထည်ဖော်မည့် Database ကို စိစစ်ပေါင်းစပ်ပြီး ဝန်ကြီးဌာနများက ပြည်သူများအပေါ် ဝန်ဆောင်မှုလုပ်ငန်းများကို လျင်မြန်စွာ ဝန်ဆောင်မှုပေးနိုင်ရေး အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

e-ID စနစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အဆင့် ၁ အနေဖြင့် နိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်မှတ်တမ်း (နိုင် – ၄) ၅၂ သန်းကျော်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) ၁၃ သန်းကျော် တို့ကို e-ID Database အတွင်း ၁၀၀ ရာခိုင်နှုန်း ထည့်သွင်းပြီးစီးခဲ့ပြီးဖြစ်ကြောင်း။

ထိုသို့ ကိုယ်ရေးအချက်အလက်များ ထည့်သွင်းဆောင်ရွက်ခဲ့ရာတွင် နိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များကို စာရွက်စာတမ်းများနှင့် ထိန်းသိမ်းခဲ့သည့်အတွက် နှစ်ကာလကြာမြင့်မှု၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် အချက်အလက်မစုံလင်မှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် e-ID Database အတွင်းရှိ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိစေရန်အတွက် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးလုပ်ငန်းများကို စာမျက်နှာ ၈ သို့ ✳




National Database စနစ်တည်ဆောက်ရေးဦးဆောင်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြစဉ်။

☆ **မြန်မာနိုင်ငံတွင်** e-ID **စနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့် အချက်အလက်များကို တစ်နေရာတည်းတွင် ရရှိနိုင်ခြင်း၊** e-Government **အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်ခြင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ပိုမိုလွယ်ကူစွာ တည်ဆောက်နိုင်ခြင်း၊ လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်ခြင်း၊ စာရွက်အခြေပြု(**Paper-Based**) စနစ်များ လျှော့ချနိုင်ခြင်း၊** National ID **၏ အခြေခံလုပ်ငန်းစဉ်ဖြစ်ပြီး နိုင်ငံတကာသုံးစနစ်များဖြင့် လွယ်ကူစွာ ချိတ်ဆက်အသုံးပြုနိုင်ခြင်း၊ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို ကူးပြောင်းရာတွင် အခြေခံအုတ်မြစ်ဖြစ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ အခွန်စည်းကြပ်ရေးနှင့် အခြားသောဌာနဆိုင်ရာများမှ ဆောင်ရွက်နေသည့်လုပ်ငန်းများကို လွယ်ကူစွာ ဝန်ဆောင်မှုပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာကို ပြည်သူများရရှိမည်**

* စာမျက်နှာ ၇ မှ

တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကော်မတီများဖွဲ့၍ ယခုနှစ် ဇန်နဝါရီ ၉ ရက်မှစ၍ ၃၁ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း။

လုပ်ငန်းဆောင်ရွက်မှု အဆင့်(၂) အနေဖြင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ပြည်ထောင်စုနယ်မြေအတွင်းရှိ နိုင်ငံ့ဝန်ထမ်းများကို Pilot Project အနေဖြင့် စတင်ကောက်ယူခဲ့ပြီး ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်ကောက်ယူနေပြီဖြစ်ကြောင်း။

**အကျိုးကျေးဇူးများစွာရရှိမည်**

မြန်မာနိုင်ငံတွင် e-ID စနစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့် အချက်အလက်များကို တစ်နေရာတည်းတွင် ရရှိနိုင်ခြင်း၊ e-Government အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်ခြင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ပိုမိုလွယ်ကူစွာ တည်ဆောက်နိုင်ခြင်း၊ လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများအတွက် အထောက်အကူပြုနိုင်ခြင်း၊ စာရွက်အခြေပြု(Paper-Based) စနစ်များ လျှော့ချနိုင်ခြင်း၊ National ID ၏ အခြေခံလုပ်ငန်းစဉ်ဖြစ်ပြီး နိုင်ငံတကာသုံးစနစ်များဖြင့် လွယ်ကူစွာ ချိတ်ဆက်အသုံးပြုနိုင်ခြင်း၊ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို ကူးပြောင်းရာတွင် အခြေခံအုတ်မြစ်ဖြစ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ အခွန်စည်းကြပ်ရေးနှင့် အခြားသောဌာနဆိုင်ရာများမှ ဆောင်ရွက်နေသည့် လုပ်ငန်းများကို လွယ်ကူစွာ ဝန်ဆောင်မှုပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာကို ပြည်သူများ ရရှိမည်ဖြစ်ကြောင်း။

e-ID စနစ်နှင့် ကောက်ယူထားရှိသည့် Data များသည် Big Data များဖြစ်ပြီး လူပုဂ္ဂိုလ်ဆိုင်ရာ အချက်အလက်များဖြစ်သည့်အပြင် နိုင်ငံတော်အတွက် အရေးကြီးသည့် National Database ဖြစ်၍ ယင်းတို့ကို လုံခြုံအောင်ထိန်းသိမ်းရန် အရေးကြီးကြောင်း၊ e-ID တွင် ပါဝင်သည့် National Database အပါအဝင် ဝန်ကြီးဌာနထဲတွင် ပြုစုထိန်းသိမ်းထားသည့် Database များသည် ပြည်သူများအပေါ်ချပြ၍ရသည့် Database များရှိသကဲ့သို့ နိုင်ငံတော်နှင့် ဝန်ကြီးဌာနအတွက် လုံခြုံရေးအရ ထုတ်ဖော်ချပြ၍မရသည့် Database များလည်း ရှိပါကြောင်း၊ ထို့ကြောင့် Cyber Security ဆိုင်ရာ လုံခြုံမှုစနစ်များ အဆင့်လိုက်ထားရှိပြီး ကွန်ရက်လုံခြုံမှု စောင့်ကြည့်စနစ်(Network Monitoring System) များ ထားရှိရန်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအရေးပေါ်ကွန်ရက် တုံ့ပြန်မှုစနစ် (Myanmar Computer Emergency Response Team)အနေဖြင့်လည်း အင်အားထပ်မံဖြည့်ဆည်းပြီး ကွန်ရက်လုံခြုံမှုများ တိုးမြှင့်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

**ဆောင်ရွက်လျက်ရှိ**

ယနေ့ Information Technology IT ခေတ်တွင် မိမိတို့ နိုင်ငံအနေဖြင့်လည်း e-Government ကို ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ e-Government စနစ်ဆိုသည်မှာ အစိုးရအဖွဲ့အချင်းချင်း၊ ရုံးတွင်း Network ချိတ်ဆက်ပြီး စာပေးစာယူအဆင့်ဟု ယူဆပါက မှားယွင်းမည်ဖြစ်ကြောင်း၊ e-Government ဆိုသည်မှာ ထိရောက် မြန်ဆန်လုံခြုံသည့် ကွန်ပျူတာစနစ်များကို အသုံးပြုပြီး အများပြည်သူအတွက် မြန်ဆန်တိုးတက်သည့် ဝန်ဆောင်မှုများကို နိုင်ငံတော်အစိုးရက ပြည်သူကို ဝန်ဆောင်မှုပေးခြင်းပင်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် အစိုးရဌာနတိုင်းတွင် ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် Database များကိုလည်း ပညာရှင်များနှင့် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ Database များကို ချိတ်ဆက်ပြီး အစိုးရယန္တရားများ မြန်ဆန်စွာ လည်ပတ်နိုင်ရန် National Database သို့မဟုတ် နိုင်ငံတော်က အရေးကြီးသော မှတ်တမ်းများကို ကွန်ပျူတာစနစ်ဖြင့် ချိတ်ဆက်ထားခြင်းဟု အဓိပ္ပာယ်ရပါကြောင်း၊ National Database အပေါ်မူတည်ပြီး လူတစ်ဦးချင်းစီ၏ ဝန်ဆောင်မှုကို ပေးနိုင်ရန်အတွက် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များကို e-ID စနစ်ထဲတွင် ထည့်သွင်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း e-ID စနစ်ထဲတွင်ရှိသည့် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များမှ ချိတ်ဆက်ပြီး ဝန်ဆောင်မှုပေးသည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ e-ID စနစ်လုပ်ငန်းကော်မတီက စီမံချက်များချမှတ်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အတွက် National Database အဖြစ် တည်ဆောက်ပြီးစီးပါက နိုင်ငံသားများ၏ လူမှုဘဝလုံခြုံမှုကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် National Database စနစ်တည်ဆောက်ရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က e-ID စနစ်လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က Myanmar e-Government Master Plan – 2030 (မူကြမ်း)ဆိုင်ရာ အချက်အလက်များနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနမှ ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ)သတင်းနှင့် နည်းပညာဌာန ဌာနမှူး ဗိုလ်မှူးချုပ်မြတ်မင်းဦးက National Database တည်ဆောက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက National Database စနစ် တည်ဆောက်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးအကြံပြုတင်ပြကြသည်။

**ဖြည့်စွက်ပြောကြား**

ယင်းနောက် National Database စနစ်တည်ဆောက်ရေးဦးဆောင်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ e-ID စနစ် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများကို e-ID ကော်မတီအဖွဲ့ဝင် ပညာရှင်များက ဝန်ကြီးဌာနများအလိုက် လက်တွေ့ ဆောင်ရွက်သွားကြရမည့် ဝန်ထမ်းများအား စတင်ရှင်းလင်းဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း၊ ၎င်းနောက် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်လည်း ရှင်းလင်းဆွေးနွေးပေးသွားမည်ဖြစ်ပါကြောင်း၊ e-ID စနစ် ဆောင်ရွက်ခြင်းကြောင့် ပြည်သူများ၏ တစ်ဦးချင်းကိုယ်ရေး အချက်အလက်များကို ကောက်ယူနိုင်သည့်အတွက် ပြည်သူများအနေဖြင့် Paper-Based စနစ်မှ အွန်လိုင်းဆက်သွယ်မှုစနစ်မှတစ်ဆင့် မိမိအလိုရှိသည့် လုပ်ငန်းနယ်ပယ်အလိုက် ဝန်ကြီးဌာနများတွင် လွယ်ကူစွာ ဆက်သွယ်ဆောင်ရွက်နိုင်မှုစသည့် ဝန်ဆောင်မှုကဏ္ဍတို့တွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနများအနေဖြင့်လည်း ပြည်သူများကို ဝန်ဆောင်မှုပေးနိုင်ရန်မှာ e-Government စနစ် ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနအလိုက် အခြေခံကွန်ပျူတာနည်းပညာမှစ၍ Software၊ Hardware နှင့် Networking ပညာရပ်များနှင့် စပ်လျဉ်း၍ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးရန်လိုကြောင်း၊ ထို့ပြင် ဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် Electronic Device များ ကိုင်တွယ်အသုံးပြုနိုင်မည့် ဌာနတွင်း ဝန်ထမ်းပညာရှင်များ ကြိုတင်ရွေးချယ်စုဖွဲ့ထားရန်လိုကြောင်းနှင့် e-Government စနစ်ဆောင်ရွက်ရာတွင် အခက်အခဲများရှိနိုင်သော်လည်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရင်းဖြင့် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များကို ပြုပြင်သွားရမည်ဖြစ်ကြောင်း၊ National Database ရှိမှသာ ပြည်သူများအတွက် လျင်မြန်သည့် ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း၊ National Database စနစ် တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုတင်စီမံဆောင်ရွက်ထားကြရန်လိုကြောင်း ဖြည့်စွက်ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## မဲခေါင်-လန်ချန်း သစ်သီးပွဲတော်(မြန်မာ)တွင် မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

“မဲခေါင်-လန်ချန်း သစ်သီးပွဲတော်(မြန်မာ) (Mekong – Lancang Fruit Festival-Myanmar)” တွင် မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းနှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဲခေါင်-လန်ချန်း ဒေသခွဲ စီးပွားရေးနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံမှ သစ်သီးဝလံများအား တရုတ်နိုင်ငံဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနိုင်မည့် အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း၊ ပြပွဲသို့ မြန်မာနိုင်ငံမှထွက်ရှိသော ထောပတ်၊ နာနတ်၊ မက်ကဒေးမီးယား၊ ကျွဲကော၊ ဖရဲသီး၊ သခွားသီး၊ သရက်သီး၊ မင်းကွတ်သီး၊ ကြက်မောက်သီး၊ ဒူးရင်းသီး၊ ပင်မှည့်သီး၊ သစ်ကြားသီးများအပြင် ဝဥ၊ လက်ဖက်၊ ကော်ဖီနှင့် ရှောက်ကောပါကောများပါ ထည့်သွင်းပြသနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း သစ်သီးပွဲတော် ပထမနေ့တွင် မြန်မာနိုင်ငံ၏ အလားအလာရှိသည့် သစ်သီးဝလံများနှင့်



ပတ်သက်သည့် ဈေးကွက်မြှင့်တင်ရေး ဆွေးနွေးပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

**သတင်းစဉ်**



## ပုဇွန်တောင်မြို့နယ်၌ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

**ပုဇွန်တောင် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်တွင် ဗိုလ်တထောင်ခရိုင်မီးသတ်ဦးစီးဌာနနှင့်ပုဇွန်တောင်မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး ဆောင်ရွက်ခြင်းကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ ပုဇွန်တောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်က အဖွင့်အမှာစကား ပြောကြားသည်။

**သင်ကြားပြသ**

ထို့နောက် ဗိုလ်တထောင်ခရိုင်အတွင်းရှိ မီးသတ်ဦးစီးဌာနမှဝန်ထမ်းများက ကျောင်းသားကျောင်းသူများအား ဂျပန်နိုင်ငံတွင် ဆောင်ရွက်ခဲ့သည့်(Kaeru Caravan Game)အစီအစဉ်ဖြင့် Game များကစားခြင်း၊ သရုပ်ပြပစ္စည်းများဖြင့် လက်တွေ့အသုံးချနည်းများကို သင်ကြားပြသပေးခဲ့ရာ ကျောင်းသား ကျောင်းသူလေးများ ကိုယ်တိုင် စိတ်ပါဝင်စားစွာ လက်တွေ့လိုက်ပါဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

# ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၆**

ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရုံးအမှတ် (၃) နေပြည်တော်၌ ကျင်းပရာ ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

**အဖွင့်အမှာစကားပြောကြား**

အစည်းအဝေးတွင်ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ ရက် ရက်စွဲဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁၅၅/၂၀၂၃) ဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အဓိက တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် ပြည်ထောင်စုအဆင့် ကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ပထမအကြိမ် ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီ(၁/၂၀၂၃) အစည်းအဝေးကို ၂၀၂၃ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ကျင်းပခဲ့ကြောင်း၊ အဆိုပါ အစည်းအဝေးတွင် "ကုန်ဈေးနှုန်း တည်ငြိမ်ရေးကို ဆောင်ရွက်ရာတွင် UMFCCI အသင်းချုပ်အပြင် လိုအပ်သည့် ညီနောင် အသင်းအဖွဲ့များနှင့်လည်း ပေါင်းစပ်ဆောင်ရွက်ရန်နှင့် လိုအပ်ပါက အစည်းအဝေးများသို့ ဖိတ်ကြားဆောင်ရွက်ရန်" ဆုံးဖြတ်ခဲ့ကြောင်း၊ မိမိတို့ ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီအနေဖြင့် လုပ်ငန်းစဉ်တွင် အဓိကကျသည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို ၂၀၂၃ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ အစည်းအဝေးများတွင် အဓိကစားသောက်ကုန်ဖြစ်သည့် ဆန်၊ စားသုံးဆီတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း၊ လက်ရှိအနေအထားတွင် မိမိတို့ ကော်မတီအနေဖြင့် အခြေခံစားကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ စားသုံးဆီနှင့် မီးဖိုချောင်သုံး ကုန်ပစ္စည်းဈေးနှုန်းများ တည်ငြိမ်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန်နှင့် ဆီသည် အဓိက စားသောက်ကုန်ပစ္စည်းဖြစ်ရာ ဆန်ဈေးနှုန်းနှင့် ဆီဈေးနှုန်း တည်ငြိမ်ရေးကို ဦးစားပေး ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ယနေ့အစည်းအဝေးတွင် ဆန်၊ ဆီနှင့် သက်ဆိုင်သည့် ညီနောင်အသင်းအဖွဲ့များကို ဖိတ်ကြား ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အခြားအသင်းအဖွဲ့များကိုလည်း နောင်တွင်လိုအပ်သလို သီးခြားဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် ဆက်စပ်နေသည့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၊ နိုင်ငံခြားသုံးငွေ ကြီးကြပ်မှု ကော်မတီကဲ့သို့ အခြားကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးအရ အကျိုးအမြတ်ရရှိရန် လိုအပ်သကဲ့သို့ စားသုံးသူပြည်သူလူထု အတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်သည့် သင့်တင့်မျှတသော ဈေးနှုန်းများဖြစ်ရန် လိုအပ်ကြောင်း၊ ချမှတ်ထားသည့် မူဝါဒများကိုလည်း လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေး အထောက်အကူ ဖြစ်စေရန်အတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ပြည်သူ့အကျိုး၊ တိုင်းပြည်အကျိုးအတွက် ရှေးရှုပြီး ပွင့်ပွင့်လင်းလင်းတင်ပြ ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့အသီးသီးက ဆန်နှင့် စားသုံးဆီဈေးနှုန်းများ တည်ငြိမ်ရေးနှင့် စပ်လျဉ်း၍ ၎င်းတို့အသင်းအဖွဲ့များ၏ လုပ်ကိုင်ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို အကြံပြုတင်ပြ ဆွေးနွေးခဲ့ကြသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍အသင်းအဖွဲ့များ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁)နှင့်ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတို့က ရှင်းလင်းဆွေးနွေးခဲ့ကြပြီး အခြေခံ စားကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ ထိန်းကျောင်းဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက နိဂုံးချုပ်စကားပြောကြားရာတွင် ကုန်ဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စာရင်းအင်း အချက်အလက်များ မှန်ကန်ရေးသည် အရေးကြီးကြောင်း၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့်ပတ်သက်၍ ပြည်သူလူထု၏ ယုံကြည်မှုမြှင့်တင်ရန်၊ ကောလာဟလများ၊ သတင်းမှားများကြောင့် ကုန်ဈေးနှုန်းမြင့်တက်ခြင်း မဖြစ်စေရေးအတွက် ဖြန့်ဖြူးရောင်းချသူနှင့် ဝယ်ယူစားသုံးသူ နှစ်ဖက်လုံးက ထိန်းသိမ်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် ထိန်းကျောင်းကြီးကြပ်နိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများက ဆောင်ရွက်ရန်ကိစ္စများနှင့် ပတ်သက်ပြီး ဆက်လက်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စားသုံးဆီ၊ စက်သုံးဆီ တင်သွင်း၊ သိုလှောင်ခြင်း၊ ပြည်တွင်းသယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိစ္စများနှင့်စပ်လျဉ်းပြီး အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍမှ သက်ဆိုင်သူများအားလုံး ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ **သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများ ကျင်းပ



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိအမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၂၄ ကျောင်းတို့၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်း သင်တန်းဆင်းပွဲများအား ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ လွိုင်ကော်မြို့ သင်တန်းကျောင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဘားအံမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မုဒုံမြို့ သင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပုသိမ်မြို့ သင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကျိုင်းတုံမြို့ သင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း၊ လားရှိုးမြို့ သင်တန်းကျောင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ မိုင်းဆတ်မြို့ သင်တန်းကျောင်းတွင် အမှတ် (၁၄)စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် စစ်ဆင်ရေး ကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အေးမင်းဦး၊ မြိုင်ကြီးငူမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ ဆိုက်ခေါင်မြို့ သင်တန်းကျောင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ခန္တီးမြို့ သင်တန်းကျောင်းတွင် အခြေချ စစ်ဗျူဟာအဖွဲ့ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မြင့်မောင်မောင်၊ လဟယ်မြို့ သင်တန်းကျောင်းတွင် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းတို့ တက်ရောက်ခဲ့ပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက် ဦးစီးဌာနများမှ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် ဦးစီးမှူးများနှင့် သက်ဆိုင်ရာခရိုင်/ မြို့နယ်များရှိ တာဝန်ရှိသူများ အသီးသီးတက်ရောက်ခဲ့သည်။

**ဖွင့်လှစ်သင်ကြားပေး**

အဆိုပါ သင်တန်းများတွင် နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောဒေသများမှ အမျိုးသမီးငယ်များကို နေထိုင် စားသောက်ရေးနှင့် သင်ထောက်ကူပစ္စည်းများအား စရိတ်ငြိမ်းဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားပေးလျက်ရှိရာ သင်တန်းပြီးဆုံးပါက ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များကို အရစ်ကျရောင်းချပေးပြီး ရန်ကုန်၊ မန္တလေးစသည့် မြို့ကြီးများရှိ အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ အလုပ်အကိုင်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးသည့် အပြင် သင်တန်းထူးချွန်ဆု ရရှိသူများအား သင်တန်းကျောင်းမှ အပ်ချုပ်စက် တစ်လုံးစီ ဆုချီးမြှင့်ပေးသည်။ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၂၄ ကျောင်းတွင် ၂၀၂၃ ခုနှစ် မေ ၈ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ သင်တန်းသူ ၇၆၂ ဦး တက်ရောက်ခဲ့သည်။ ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိပြီး သင်တန်းကျောင်းများ စတင်ဖွင့်လှစ်ချိန်မှ ယခုသင်တန်းအထိ သင်တန်းသူ စုစုပေါင်း ၉၅၈၃၅ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi အား လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၆

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီက မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှုအရ နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံရေးနှင့် နေရာချထားရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်စေရေးအတွက် ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်နေသည့် အစီအမံများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များတွင် လိုအပ်သလို ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးနှင့် ဗိုလ်ချုပ် ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၆

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများ ကျန်းမာရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများ တိုးပွားရရှိပြီး ကျန်းမာကြံ့ခိုင်စွာဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်စေရန် ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် "Importance of Multidisciplinary supports for safe blood transfusion" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

ဟောပြောပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ဝန်ထမ်းများအနေဖြင့် သွေးလှူဒါန်းခြင်းဆိုင်ရာ အသိပညာ၊ ဗဟုသုတများကို ပြောကြားသည်။

ဆက်လက်၍ ကုသရေးဦးစီးဌာန အမျိုးသားသွေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင်က သွေးလှူခြင်းဆိုင်ရာအကျိုးကျေးဇူးများ၊ အမျိုးသားသွေးဌာနအနေဖြင့် ပိုးကင်းစင်ပြီး စံချိန်စံညွှန်းနှင့် ကိုက်ညီသော သွေးနှင့် သွေးပစ္စည်းတို့ကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် စွန့်ပစ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ချမှတ်ထားသည့် Strategy များနှင့် နည်းပညာများ၊ ကုသအောင်မြင်မှုများ၊ ကျွမ်းကျင်မှုနှင့် နည်းပညာရပ်ဆိုင်ရာကိစ္စရပ်များကို အကျယ်တဝင့် ရှင်းလင်းဟောပြော ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းမှုများအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်–၁၀၀၀)သို့ သွားရောက်၍ သွေးလှူဒါန်းနေကြသော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စေတနာသွေးလှူရှင် ဝန်ထမ်းများကို လိုက်လံကြည့်ရှု အားပေးပြီး အာဟာရ ဖြည့်စွက်စာများ ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်–၁၀၀၀) မှ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာတင်မိုးဝေက သွေးလှူရှင်ဝန်ထမ်းများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ပြီး အာဟာရ ဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျိုက်မရောမြို့နယ်၌ ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေး

ကျိုက်မရော အောက်တိုဘာ ၆

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် ၂၀၂၃ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့နံနက် ၁၀ နာရီက စတင်ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါ ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ပေးခြင်းအခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပြည်နယ်မန်နေဂျာဒေါ်စောစန္ဒာဝင်းက မွန်ပြည်နယ် (၁၀) မြို့နယ်၌ ချေးငွေအစောဆုံး အပြေအကျေပေးဆပ်နိုင်သော ကျိုက်မရောမြို့နယ်အတွင်းရှိ အထရံကျေးရွာနှင့် ပေါ်လောကျေးရွာရှိ တောင်သူ ၃၅ ဦးတို့အား စိုက်ဧက ၂၇၆ ဧကအတွက် ချေးငွေကျပ် ၃၉၃၅၀၀၀၀ ကို စပါးသီးနှံ တစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်း၊ နေကြာသီးနှံနှင့် ပဲမျိုးစုံတစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကျိုက်မရောမြို့နယ်တွင် ဆောင်းသီးနှံချေးငွေထုတ်ချေးမည့် ကျေးရွာ ၁၂ ရွာ၊ တောင်သူ ၁၈၆ ဦးတို့အတွက် စုစုပေါင်းချေးငွေ သိန်း ၁၁၅၀ အား လျာထားပြီး ချေးငွေများကို ဘဏ်ဖွင့်ချိန်အတွင်း တောင်သူများလက်ဝယ်အရောက် စနစ်တကျ ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မချို(ပြန်/ဆက်)



# ကဝမြို့နယ်အတွင်း ဆောင်းသီးနှံပန်းတိုင်အထွက်နှုန်းပြည့်မီရေး မျိုးကောင်းမျိုးသန့်များပေးအပ်

ကဝ အောက်တိုဘာ ၆

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့က ယမန်နေ့နံနက်ပိုင်းတွင် ရှမ်းကန်ကျေးရွာ၊ မကျက်ကြီးကျေးရွာ၊ အင်းဝကျေးရွာနှင့် ဘုမ္မဇိုးကျေးရွာများသို့ သွားရောက်၍ ဆောင်းသီးနှံ (မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲ)မျိုးကောင်းမျိုးသန့်များကို တောင်သူများလက်ဝယ်သို့ ပေးအပ်သည်။

ကဝမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့သည် ရှမ်းကန်ကျေးရွာသို့



သွားရောက်ပြီး တောင်သူများနှင့်တွေ့ဆုံကာ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင် ကျော်မိုးက ကဝမြို့နယ်တွင် (မြေပဲ၊ ပဲတီစိမ်းနှင့်မတ်ပဲ)သီးနှံများ တိုးချဲ့ စိုက်ပျိုးသွားမည့် အခြေအနေနှင့် မျိုးကောင်းမျိုးသန့်များ အသုံးပြု စိုက်ပျိုးရေး ပန်းတိုင်အထွက်နှုန်း တိုးတက်ရေးကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးရဲကိုကိုက သီးနှံများ စိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မြေပဲသီးနှံ တိုးချဲ့စိုက်ပျိုးမည့်အစီအစဉ်များကို တောင်သူများသို့ ရှင်းလင်းဆွေးနွေးခဲ့ပြီး ဆောင်းသီးနှံ(မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲ)သီးနှံတစ်မျိုးချင်း စီအလိုက် အထွက်နှုန်းတိုးတက်ရေး အသိပညာပေးလက်ကမ်းစာစောင် များ ဖြန့်ဝေခြင်း ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့က ရှမ်းကန်ကျေးရွာအုပ်စုအတွင်းရှိ မြေပဲစိုက်တောင်သူများထံ မြေပဲစိုက်ဧက ၁၅၄ ဧကအတွက် ဗီယက်နမ်မြေပဲမျိုး ၈၂၄ တင်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသားလူငယ်မောင်မယ်များ အသိပညာရရှိစေရန် အောက်တိုဘာ ၅ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်က လူကုန်ကူးမှုတားဆီးရေးနှင့် မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီး အေးဇော်လတ်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဟောပြောစဉ်။

မင်းလွင်ဦး(ပြန်/ဆက်)



ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# သောကြာနေ့စကားဝိုင်း အမှတ်စဉ် (၃၂) “ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

သောကြာနေ့စကားဝိုင်း(Friday Talk) အမှတ်စဉ်(၃၂)အဖြစ် “ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများမှ အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ဆွေးနွေးတင်ပြမည့် ကိုရီးယားသမ္မတနိုင်ငံ၏ သမိုင်းကြောင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကို တက်ရောက်လာကြသူများအနေဖြင့် သေသေချာချာ လေ့လာခွင့်ရမည်ဖြစ်ပြီး စိတ်ပါဝင်စားစွာဖြင့် မေးမြန်းဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆွေးနွေးပွဲတွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာပင်လုံအေးက “ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာခြင်း” ခေါင်းစဉ်ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ခရီးသွားလုပ်ငန်းကော်မတီ(၂/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

ခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်အမှာစကားပြောကြားသည်။



အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ကော်မတီဝင်များဖြစ်ကြသော နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကော်မတီဝင်ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များ၊ ပုဂ္ဂလိက ခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းဆိုင်ရာ အရင်းအမြစ်များ ပေါကြွယ်ဝသည့်အတွက် ကိုဗစ်-၁၉ မတိုင်မီကာလက ရောက်ရှိခဲ့သည့် ဧည့်သည်ပမာဏအထိ ပြန်လည်ရောက်ရှိအောင် ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် ပြည်ဝင်ဗီဇာဖြေလျှော့မှုများနှင့် ကျန်းမာရေးနှင့် အခြားသောကန့်သတ်ချက်များကို ဖြေလျှော့ပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း အစိုးရ-ပုဂ္ဂလိကမိတ်ဖက်ဆောင်ရွက်မှုကို မြှင့်တင်၍ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဆောင်ရွက်သင့်သည်များကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ခရီးစဉ်ဒေသများဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ဝန်ဆောင်မှုများတိုးတက်ရေး၊ ခရီးသွားမြှင့်တင်ရေးတို့ကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဒေသတွင်းနိုင်ငံများနှင့် အဓိကခရီးသွားဈေးကွက်နိုင်ငံများမှ ပြည်ပခရီးသွားများပိုမိုဝင်ရောက်လာရေးအတွက် ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော်နိုင်ရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ အစိုးရ-ပုဂ္ဂလိက ကိုယ်စားလှယ်များပါဝင်သော Working Group များ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဖော်ထုတ်ဆွေးနွေးချက်များအနက် ဆောင်ရွက်ပေးရန်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီဝင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးစဉ်ဒေသများ၌ ခရီးသွားဆွဲဆောင်ရာနေရာများ ဖော်ထုတ်နေမှုအခြေအနေများ၊ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာရေးအတွက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးလှိုင်ဦးက (၂/၂၀၂၃)ကြိမ်မြောက် ခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များကို ဆွေးနွေးတင်ပြကာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကန့်ဘလူမြို့အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် ကန့်ဘလူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ အလျားပေ ၁၄၀၊ အနံပေ ၃၀၊ RCC သုံးထပ်ကျောင်းဆောင် အဆောက်အအုံသစ် တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကန့်ဘလူမြို့ရှိ မဟာရွှေစည်ကြီးကျောင်းတိုက် ဆရာတော်ကြီးနှင့် ပင့်သံဃာ ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းခဲ့ကြပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြသည်။



**ထောက်ပံ့ပေးအပ်**

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကန့်ဘလူမြို့ (ခုတင် -၁၀၀ ဆံ့) ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးကုသမှု ခံယူနေကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကာ တာဝန်ရှိသူများနှင့်အတူ ဆေးကုသမှုခံယူနေသော လူနာများအား အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဆေးရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# Foundation Course For Public Opinion Mining Analysis (Artificial Intelligence-AI) နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၆**

ပြန်ကြားရေး ဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ သတင်းတု၊ သတင်းမှားများ စောင့်ကြည့်လေ့လာခြင်းနှင့် သတင်းစီးဆင်းမှုများအပေါ် Data Analysis ပြုလုပ်၍ ရလဒ်များ ခွဲခြမ်းစိတ်ဖြာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ Foundation Course For Public Opinion Mining Analysis (Artificial Intelligence – AI) နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် အမှုထမ်း၊ အရာထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့နည်းပညာခေတ်တွင် နည်းပညာများ တိုးတက်လာသည်နှင့်အမျှ AI နည်းပညာသည် ရှေ့တန်းရောက်ရှိနေပြီး နိုင်ငံတကာတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေပြီဖြစ်ကြောင်း၊ လူသားတို့အတွက် အကျိုးဖြစ်ထွန်းစေသည့် ကျန်းမာရေး၊ ပညာရေး၊ စက်မှုကဏ္ဍများ၌ လူ့စွမ်းအားနှင့် စက်မှုစွမ်းအားများ လျှော့ချကာ AI နည်းပညာ အစားထိုးလုပ်ဆောင်လာသည်ကို တွေ့မြင်နိုင်ကြောင်း၊ တစ်နည်းအားဖြင့် လူသားများ၏ လုပ်ဆောင်နိုင်စွမ်းအစား AI နည်းပညာအသုံးပြုပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ယနေ့ မီဒီယာရေစီးကြောင်းတွင် သတင်းစီးဆင်းမှုအပေါ် AI နည်းပညာအသုံးချ၍ သတင်းဖန်တီးကာ ပြည်သူမှ ပြည်သူသို့ စီးဆင်းစေခြင်းဖြင့် သတင်းတု၊ သတင်းမှားများ တိုက်ဖျက်ရာတွင် တိကျသော သတင်းအရင်းအမြစ်ကို ခွဲခြမ်းစိတ်ဖြာနိုင်သည့် နည်းပညာတစ်ခု ဖြစ်ကြောင်း၊ နည်းပညာပိုင်းတွင် AI သည် Automation စနစ်ဖြစ်သောကြောင့် လူသားအရင်းအမြစ်ကို ချွေတာရာလည်းရောက်ကြောင်း။

ယနေ့ Digitalization ခေတ်တွင် အွန်လိုင်းမှ အချက်အလက်ရှာဖွေခြင်း၊ Entertainment များ ကြည့်ရှုခြင်း၊ ကုန်ပစ္စည်းများအား ဝယ်ယူရောင်းချနိုင်ခြင်းတို့၏ နောက်ကွယ်တွင်လည်း AI နည်းပညာရှိနေပြီ ဖြစ်ကြောင်း၊ လူသားများတွင် ကာယ၊ ဉာဏ နှစ်မျိုးရှိသည့်အနက် ကာယအလုပ်များကို စက်များဖြင့် အစားထိုး ဆောင်ရွက်နိုင်သကဲ့သို့ ဉာဏအလုပ်များကို AI နည်းပညာဖြင့် အစားထိုးဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် AI နည်းပညာ အသုံးပြု၍ လမ်းပြအမှတ်အသား၊ မီးပွိုင့်၊ ဆိပ်ကမ်း၊ လေဆိပ်စသည့် Public Area များတွင် အသုံးပြုနေပြီဖြစ်ပြီး ဥရောပနိုင်ငံများတွင်လည်း AI နည်းပညာအသုံးပြု၍ လူထုအကျိုးပြု သုတေသနလုပ်ငန်းများကို ကျယ်ပြန့်စွာ အသုံးပြုနေပြီဖြစ်ကြောင်း၊ AI နည်းပညာကို အသုံးပြု၍ အချို့ခက်ခဲသည့် အရာများကို လွယ်ကူစွာကျော်လွှား ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

သင်တန်းသားများ အနေဖြင့် ပညာရှင်များ ဆွေးနွေးပို့ချသည့် ဘာသာရပ်များကို စိတ်ဝင်တစား လေ့လာမှတ်သား၍ ရရှိလာသည့် ဗဟုသုတ၊ အတွေ့အကြုံများဖြင့် ဌာနအကျိုး၊ နိုင်ငံအကျိုး၊ ပြည်သူအကျိုးအတွက် ပြန်လည်အသုံးချနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် Myanmar Computer Vision Developer Team မှ ဆရာ ဦးဝေဖြိုးအောင်က သင်တန်းတွင် သင်ကြားမည့် Course နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး AI နည်းပညာအကြောင်း Video Clip ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းသို့ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းသားခုနစ်ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာ အွန်လိုင်းသင်တန်း ဖြစ်ကြောင်းနှင့် သင်တန်းတွင် Data Science, Python Programming Language, Text Classification and Semantics စသည့် ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ(၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည် –

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | သင့်စိတ်ကို လွတ်လပ်စေမည့် အတွေးများ (တတိယအကြိမ်) | ပီတိ(ပေကြီး) | ဦးနိုင်မိုး ရွှေပေစာပေတိုက် |
| ၂။ | Love Diary | ခွန်းသနိုင် | ဦးနိုင်မိုး ရွှေပေစာပေတိုက် |
| ၃။ | ကမ္ဘာ့ဆိုးပေကြီးများ | တက်တိုး | ဒေါ်စိုးငြိမ်း တက်တိုးနှယဉ်စာပေ |
| ၄။ | အနိုင်ကျင့်ခံရခြင်း ကင်းဝေးအောင် | ရဲရင့်လုံ | ဦးမြင့်စိုး ဆုရောင်စဉ်စာပေ |
| ၅။ | ဖြည့်ရန်ကျန်သော ဆက်ထုံးများ | ဂျူလီယာမြင့်သိန်း | ဦးထက်ပိုင်အောင် ပန်းဆက်လမ်းစာပေ |
| ၆။ | ရင်ခုန်မိုး | ကျော့ကျော့ခိုင် | ဦးမျိုးသူစိုး ခေတ်စာအုပ်တိုက် |

**ပြန်ကြားရေးဝန်ကြီးဌာန**

## သနပ်ပင်မြို့နယ်၌ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးပေးအပ်

**သနပ်ပင် အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး အသိပညာပေး ဆွေးနွေးခြင်းနှင့် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက သနပ်ပင်မြို့နယ် ကလိုင်ကျေးရွာနှင့် ကသဲကုန်းကျေးရွာများသို့ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် သနပ်ပင်မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထက်က သနပ်ပင်မြို့နယ်အနေဖြင့် မြို့နယ်အတွင်း အဓိကစိုက်ပျိုးသည့် ပဲတီစိမ်း၊ မြေပဲနှင့် မတ်ပဲသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးအတွက် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်မျိုးများ ပြောင်းလဲသုံးစွဲရမည့် အခြေအနေများနှင့် မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ ထောက်ပံ့ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ကြူကြူမြင့်က စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေး ဆွေးနွေးပြောကြားခဲ့သည်။

**ဖြန့်ဖြူးပေးအပ်ခဲ့**

ထို့နောက် သနပ်ပင်မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆောင်းမြေပဲသီးနှံ ဦးစွာစိုက်ပျိုးမည့် ကလိုင်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများ၏ ဧက ၅၀ အတွက် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်မြေပဲ တင်း ၃၀၀ နှင့် ကသဲကုန်းကျေးရွာအုပ်စုအတွင်း



ရှိ တောင်သူများ၏ ဧက ၅၀ အတွက် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်မြေပဲ တင်း ၃၀၀ တို့အား ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။

# ထာဝရငြိမ်းချမ်းရေးအတွက် တစ်ခုတည်းသောအဖြေ NCA

■ ဇာနည်ဘွား ■

ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုများကြောင့် လွတ်လပ်ရေးနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာခဲ့ရသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများအနက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသော ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ချုပ်ဆိုနိုင်ခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)သည် သမိုင်းဝင်အောင်မြင်မှုမှတ်တိုင်တစ်ခုဖြစ်ခဲ့သည်ဟု ဆိုရပါမည်။




ထုတ်ပြန်ကြေညာ

"ငြိမ်းချမ်းရေးမရှိဘဲ မဖွံ့ဖြိုးနိုင်၊ ငြိမ်းချမ်းရေးမရှိဘဲ ဒီမိုကရေစီနိုင်ငံ ဖြစ်မလာနိုင်၊ ဒီမိုကရေစီစနစ်မရှိဘဲလည်း ငြိမ်းချမ်းရေးမရနိုင်"ဟူသည့် အတွေးအခေါ် အယူအဆကိုအခြေခံ၍ ထိုစဉ်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အစိုးရသည် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ငြိမ်းချမ်းရေးကမ်းလှမ်းသည့် ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

အဆိုပါထုတ်ပြန်ချက်တွင် **"လက်နက်ကိုင်ပဋိပက္ခများဖြေရှင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်လိုသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် မိမိတို့တစ်ဖွဲ့ချင်းအလိုက် ပထမအဆင့်အနေဖြင့် ပဏာမဆောင်ရွက်ရန်လိုသော လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။**

**ပဏာမဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ပြီးစီးပါက နိုင်ငံတော်အစိုးရဘက်မှ ဆွေးနွေးမည့် အဖွဲ့အစည်း ဖွဲ့စည်းပြီး သက်ဆိုင်ရာငြိမ်းချမ်းရေးဖော်ဆောင်မည့်အဖွဲ့အစည်းနှင့် ဆွေးနွေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်"**ဟု ဖော်ပြပါရှိပါသည်။

အဆိုပါကြေညာချက်သည် ငြိမ်းချမ်းရေးကို မျှော်လင့်နေသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအတွက် မျှော်လင့်ချက်ရောင်ခြည်များ ယှက်သန်းစေခဲ့သည်။ ထိုအချိန်မှစ၍ အသက်မဝင်ရပ်တန့်နေသော ငြိမ်းချမ်းရေးအသံများ နိုးကြားပေါ်ပေါက်လာခဲ့ပါသည်။

> **"NCA စာချုပ်သည် မြန်မာနိုင်ငံ၏ ထာဝရငြိမ်းချမ်းရေးအတွက် တစ်ခုတည်းသော အခင်းအကျင်းဖြစ်သလို မြန်မာ့ငြိမ်းချမ်းရေး အမေးပုစ္ဆာအတွက်လည်း တစ်ခုတည်းသောအဖြေဖြစ်ပါသည်။ ထို့အတူ Union Accord အဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်ပြီး မည်သည့်အချိန်တွင်မှ ပျက်ပြယ်မှုမရှိဘဲ တည်ရှိနေမည့်စာချုပ်ဖြစ်"**

ထိုကြေညာချက်နှင့်အတူ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)နှင့် ကယန်းပြည်သူ့ပါတီ(KNPP) အဖွဲ့တို့က ငြိမ်းချမ်းရေးဆွေးနွေးရန် စတင်ကမ်းလှမ်းလာခဲ့ပါသည်။ ထို့နောက် ချင်းအမျိုးသားတပ်ဦး(CNF)၊ ကချင်လွတ်မြောက်ရေးတပ်ဖွဲ့(KIO)၊ မွန်ပြည်သစ်ပါတီ(NMSP)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)အပါအဝင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ပေါင်း ၁၆ ဖွဲ့နှင့် ဆွေးနွေးခဲ့ပြီး အားလုံး၏ သဘောတူညီမှုဖြင့် NCA သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် အချောသပ်နိုင်ခဲ့ပါသည်။ ယင်းနောက် ပါဝင်ရေးဆွဲသူအားလုံး၏ သဘောတူညီမှုဖြင့် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုနိုင်ခဲ့ပါသည်။

သို့ရာတွင် NCA စာချုပ်တွင် ကိုယ်တိုင်ပါဝင်ရေးဆွဲသဘောတူညီခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် စာချုပ်တွင် လက်မှတ်ရေးထိုးသောအခါ ပါဝင်လာခြင်းမရှိသော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၄ ဖွဲ့နှင့် Bilateral အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့ဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် – ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) တို့နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပွဲကို သမိုင်းဝင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြ

NCA စာချုပ်တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ထိုသို့သမိုင်းဝင်လက်မှတ် ရေးထိုးနိုင်ခဲ့ခြင်းကြောင့် ဒေသခံပြည်သူများမှာ အထူးရွှင်လန်း ဝမ်းမြောက်ခဲ့ကြပါသည်။ အထူးသဖြင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကရင်ပြည်နယ် ဘားအံမြို့၌ ကျင်းပခဲ့သော ကရင်အမျိုးသားအစည်းအရုံး(KNU) အဖွဲ့နှင့် ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူလက်မှတ်ရေးထိုးပွဲအခမ်းအနားမှာပင် ငြိမ်းချမ်းရေးကို ဆာလောင်မွတ်သိပ်နေကြသော ဒေသခံပြည်သူလူထုများသည် မြို့လုံးကျွတ်မျှ ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြပါသည်။

ဦးသိန်းစိန်အစိုးရသည် ဖော်ပြပါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် သမိုင်းဝင် လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရန် စတင်ဖိတ်ခေါ်ကမ်းလှမ်းသည့်နေ့မှစ၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ဖြစ်တည်ပေါ်ပေါက်လာသည်အထိ ရက်ပေါင်း ၁၄၅၀ ကြာမြင့်ခဲ့ပြီး အစည်းအဝေးပေါင်း ၅၀၀၀ ခန့်ကျင်းပ၍ ဆွေးနွေးညှိနှိုင်းခဲ့ကြရပါသည်။ ထို့အပြင် ဦးသိန်းစိန်အစိုးရသည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကတိကဝတ်အတိုင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၀၁၆)ကို ပထမအကြိမ် ကျင်းပပေးခဲ့ပါသည်။

ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလ NLD အစိုးရလက်ထက်တွင်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–၂၁ ရာစု ပင်လုံအမည်ဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့ဖြစ်သည့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) နှင့် မွန်ပြည်သစ်ပါတီ(NMSP)တို့နှင့် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့၍ NCA စာချုပ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့အထိ ရှိလာခဲ့သည်။

## NCA ပါ သဘောတူညီချက်များအတိုင်း အလေးထားဆောင်ရွက်

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင်လည်း "နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်သွားမည်"ဟူသည့်အချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းတွင် **"၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ခဲ့သည်နှင့်အညီ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များကို ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ကြောင်း၊ ထိုသို့ဖိတ်ခေါ်ခဲ့ရာတွင် ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၇) ဖွဲ့နှင့် လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၃)ဖွဲ့ စုစုပေါင်း(၁၀)ဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းနိုင်မည့်ရလဒ်များကိုလည်း ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ NCA ပါ သဘောတူညီချက်များသည် ပြည်ထောင်စုနှင့် တိုင်းရင်းသားအားလုံး၏ အနာဂတ်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးရှူထားတာဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တိုင်းရင်းသားများအပေါ် အာမခံထားခြင်းပင်ဖြစ်ကြောင်း။**

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံရေးရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော်လည်း နိုင်ငံရေးရဲ့ လက်နက်တစ်ခုမဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးနှင့် အမျိုးသားအကျိုးစီးပွားအတွက် အဓိကဦးတည်လုပ်ဆောင်မှသာ အနာဂတ်နိုင်ငံတည်ဆောက်ရေးကို အထောက်အကူဖြစ်စေမှာဖြစ်ကြောင်း၊ ယနေ့အချိန်အထိ တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ လာရောက်နိုင်အောင် အစဉ်အမြဲ တံခါးဖွင့်ပေးလျက်ရှိကြောင်း။**

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရာတွင် အဓိကအခြေခံအချက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တို့ အပေါ် ခိုင်ခိုင်မာမာ ရပ်တည်သွားမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့ပါသည်။

စာမျက်နှာ ၁၄ သို့ ❐

❒ စာမျက်နှာ ၁၃ မှ

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧပြီလ ၂၄ ရက်နေ့က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ် (၅) ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် **"တပ်မတော်အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို (၂၂)ကြိမ်ထုတ်ပြန်ခဲ့ပြီး ၂၀၂၃ ခုနှစ် ကုန်သည်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို တိုးမြှင့်ပေးထားပြီးဖြစ်ကြောင်း၊ လက်နက်ကိုင်လမ်းစဉ်နှင့် လက်နက်ကိုင်ပဋိပက္ခများကိုစွန့်ခွာပြီး တွေ့ဆုံဆွေးနွေးခြင်းကတစ်ဆင့် မှန်ကန်သည့် နိုင်ငံရေးလမ်းကြောင်းဖြစ်သော NCA အတိုင်း ငြိမ်းချမ်းစွာလျှောက်လှမ်းကြမှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း"** စသည်ဖြင့် ပြောကြားခဲ့ပါသည်။

**သဘောထားကြီးစွာဖြင့်**
**ဆွေးနွေးဆောင်ရွက်ကြရန်**

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ **"ငြိမ်းချမ်းရေးတွင် ရိုးသားမှုရှိရန်လိုကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် တစ်ဖက်နှင့်တစ်ဖက် သဘောထားကြီးစွာဖြင့် ဆွေးနွေးဆောင်ရွက်ကြရန်လိုကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် အကောင်းဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးအဖွဲ့အစည်းများအနေဖြင့်လည်း ပြည်ထောင်စုအကျိုးစီးပွားကို ရှေးရှုကြည့်၍ သမာသမတ်ရှိစွာဖြင့် ဆွေးနွေးဆောင်ရွက်သွားကြရန်လိုကြောင်း"** ဧပြီလ ၉ ရက်နေ့က ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည့် အစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။

**☆ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခဲ့သည်မှာ အောက်တိုဘာလ ၁၅ ရက်နေ့တွင် (၈)နှစ် ပြည့်မြောက်တော့မည်**

**☆ ထိုအချိန် ထိုကာလအတွင်းက ငြိမ်းချမ်းရေးကို ဖော်ဆောင်ခဲ့ကြသူများသည် ရိုးသားဖြူစင်မှု၊ စိတ်ရှည်သည်းခံမှု၊ နားလည်စာနာမှု၊ အပြန်အလှန် လေးစားမှုတို့ဖြင့် ၆၂ နှစ်အကြာ လက်နက်ကိုင်ပဋိပက္ခဖြစ်ခဲ့သည့် KNU ကရင်အမျိုးသားအစည်းအရုံးအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များနှင့် ယုံကြည်မှုတည်ဆောက်နိုင်ခဲ့**

**☆ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ စုဖွဲ့ထားသည့် NCCTမှ အဆိုပြုလာသော NCA စာချုပ်မူကြမ်းကို ဆွေးနွေးအကောင်အထည်ဖော် စတင်နိုင်ခဲ့ခြင်းမှအစပြု၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့နှင့် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့**

သို့ရာတွင် ရိုးသားမှုမရှိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် မြန်မာ့နိုင်ငံရေးအပြောင်းအလဲကာလအတွင်း ပြည်တွင်းပြည်ပမှ သွေးထိုးလှုံ့ဆော်မှုများအရလည်းကောင်း၊ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးအမြတ်ထုတ်လိုမှုကြောင့်လည်းကောင်း NCA စာချုပ်နှင့်ပတ်သက်၍ သို့လော၊ သို့လောအမြင်များ ဖြစ်ပေါ်လာအောင် ပြုမူပြောဆိုမှုများကို လုပ်ဆောင်လာကြသည်။

ထိုသို့ ဖန်တီးလုပ်ဆောင်မှုများနှင့်ပတ်သက်၍ KNU – ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ(၇) ဘားအံခရိုင်က ၁၄-၉-၂၀၂၃ ရက်စွဲဖြင့် ...

**"NCA စာချုပ်သဘောတူချုပ်ဆိုနိုင်ရေးနှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးအဖြေရှာနိုင်ရေးသည် KNU ကရင်အမျိုးသားအစည်းအရုံး၏ တစိုက်မတ်မတ်တောင်းဆိုလာရာမှ ဖြစ်ပေါ်လာသော စာချုပ်တစ်ရပ်ဖြစ်သည်။**

**NCA စာချုပ်ကိုချုပ်ဆိုနိုင်ရန်နှင့် NCA စာချုပ်ခိုင်ခိုင်မာမာ သက်ဝင်ချုပ်ဆိုထားနိုင်ရန် ပြည်တွင်းနှင့် နိုင်ငံတကာအသိသက်သေများရှေ့တွင် ချုပ်ဆိုထားသော စာချုပ်တစ်ရပ်လည်း ဖြစ်ပါသည်။**

**KNU ကရင်အမျိုးသားအစည်းအရုံးမှ မိမိနိုင်ငံရေးရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်နိုင်ရေး သဘောထားများအား NCA စာချုပ်တွင် အခြေခံအားဖြင့်ထားရှိနိုင်ရေးအတွက်ထည့်သွင်းထားပြီးဖြစ်သည်။**

**သို့ဖြစ်၍ တပ်မဟာ(၇) ဘားအံခရိုင်အနေဖြင့် NCA စာချုပ်ကို KNU ကရင်အမျိုးသားအစည်းအရုံးမှ တရားဝင်ပျက်ပြယ်ကြောင်း ထုတ်ပြန်ကြေညာခြင်းမရှိသည့်အပြင် နယ်မြေဒေသ တည်ငြိမ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် NCA ကို အခြေခံလျက် ပြည်သူ့အကျိုးကိုရှေးရှု၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်သာ အဖြေရှာလာနိုင်ကြရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း"**စသည်ဖြင့် အသိပေးထုတ်ပြန်ခဲ့ပါသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ချုပ်ဆိုခဲ့သည်မှာ အောက်တိုဘာလ ၁၅ ရက်နေ့တွင် (၈)နှစ် ပြည့်မြောက်တော့မည်ဖြစ်သည်။

**ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ကြ**

ထိုအချိန် ထိုကာလအတွင်းက ငြိမ်းချမ်းရေးကို ဖော်ဆောင်ခဲ့ကြသူများသည် ရိုးသားဖြူစင်မှု၊ စိတ်ရှည်သည်းခံမှု၊ နားလည်စာနာမှု၊ အပြန်အလှန် လေးစားမှုတို့ဖြင့် ၆၂ နှစ်အကြာ လက်နက်ကိုင်ပဋိပက္ခဖြစ်ခဲ့သည့် KNU ကရင်အမျိုးသားအစည်းအရုံးအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များနှင့် ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ကြပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ စုဖွဲ့ထားသည့် NCCTမှ အဆိုပြုလာသော NCA စာချုပ်မူကြမ်းကို ဆွေးနွေးအကောင်အထည်ဖော် စတင်နိုင်ခဲ့ခြင်းမှအစပြု၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့နှင့် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

သို့ဖြင့် NCA စာချုပ်သည် မြန်မာနိုင်ငံ၏ ထာဝရငြိမ်းချမ်းရေးအတွက် တစ်ခုတည်းသော အခင်းအကျင်းဖြစ်သလို မြန်မာ့ငြိမ်းချမ်းရေးအမေးပုစ္ဆာအတွက်လည်း တစ်ခုတည်းသောအဖြေဖြစ်ပါသည်။ ထို့အတူ Union Accord အဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်ပြီး မည်သည့်အချိန်တွင်မှ ပျက်ပြယ်မှုမရှိဘဲ တည်ရှိနေမည့်စာချုပ်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# မော်တော်ယာဉ်အာမခံအသစ် မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာနိုင်ငံ အာမခံအသင်းနှင့် နိုင်ငံပိုင် မြန်မာ့အာမခံလုပ်ငန်း အပါအဝင် အထွေထွေအာမခံကုမ္ပဏီများက ပြင်ဆင်ရေးဆွဲတင်ပြပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က အတည်ပြုခွင့်ပြုသည့် မော်တော်ယာဉ်အာမခံအသစ် (New Motor Vehicle Insurance) မိတ်ဆက်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte Hotel ၌ ကျင်းပသည်။




အခမ်းအနားတွင် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံ အာမခံဈေးကွက်တွင် ၁၉၉၆ ခုနှစ်ကတည်းက အသုံးပြုခဲ့သော ပေါ်လစီဟောင်းကို လက်ရှိမြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် ကိုက်ညီမှုရှိစေရေး၊ အာမခံဝန်ဆောင်မှုပေးသူနှင့် ဝယ်သူတို့အကြား တိကျမှု၊ မျှတမှုရှိသည့် အာမခံအကာအကွယ်သစ်များ ဖြည့်စွက်၍ အာမခံထားသူနှင့် အာမခံကုမ္ပဏီတို့အကြား လျော်ကြေးပေါ်ပေါက်ချိန်တွင် အငြင်းပွားမှုမရှိစေရေးတို့အတွက် ရည်ရွယ်၍ အများပြည်သူ နားလည်လွယ်အောင် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီအောင်ရေးဆွဲထားသော ပေါ်လစီသစ်ဖြစ်ကြောင်း၊ မော်တော်ယာဉ်အာမခံစည်းကမ်းသစ်၊ ပရီမီယံနှုန်းထားအသစ်နှင့် အကျိုးခံစားခွင့်အသစ်များဖြင့် ပြောင်းလဲပြင်ဆင်ထားသော ယခုပေါ်လစီအသစ်ကို အောက်တိုဘာ ၁၂ ရက်တွင် စတင်ရောင်းချခွင့်ပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ အာမခံအသင်းဥက္ကဋ္ဌ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက မော်တော်ယာဉ်အာမခံ ပေါ်လစီအသစ်၏ ပေါ်လစီစည်းကမ်းချက်၊ ပရီမီယံနှုန်းထားနှင့် အကျိုးခံစားခွင့်များ ပြင်ဆင်ခြင်းအတွက် မြန်မာနိုင်ငံ မော်တော်ယာဉ် အာမခံဈေးကွက်ကို လေ့လာ သုတေသနပြုလုပ်ခဲ့မှု၊ လက်ရှိရောင်းချနေသော ပေါ်လစီနှင့် အောက်တိုဘာ ၁၂ ရက်တွင် စတင်ရောင်းချမည့် ပေါ်လစီအသစ်တို့၏ မတူညီသောအချက်များ၊ ပိုမိုကောင်းမွန်စေရန် ပြင်ဆင်ထားသည့် အချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အာမခံအသင်း၏ ဆောင်ရွက်ချက်များနှင့် အာမခံလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုတို့ကို ဗီဒီယိုမှတ်တမ်းဖြင့်ပြသပြီး မော်တော်ယာဉ်အာမခံအသစ်၏ သိကောင်းစရာ အချက်အလက်များကိုလည်း ဗီဒီယိုမှတ်တမ်းပြသ၍ ရှင်းလင်းခဲ့သည်။

အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံရှိ အာမခံလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ကြပ်မတ် ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် အာမခံကုမ္ပဏီများက အသက်အာမခံနှင့် အထွေထွေအာမခံအပါအဝင် အာမခံအမျိုးအစား ၄၅ မျိုးကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ယခုမော်တော်ယာဉ် အာမခံပေါ်လစီအသစ်သည် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးသားဖော်ပြထားသည့်အတွက် အာမခံထားသူများအနေဖြင့် ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက် နိုင်ကြောင်း၊ အာမခံထားသူများ အတွက် အကျိုးခံစားခွင့်များ ပိုမိုပေးထားပြီး အငြင်းပွားဖွယ် အချက်အလက်များအတွက် ပိုမိုတိကျပွင့်လင်းစွာ ဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ–လင်းရာမ**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်။

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တက္ကသိုလ် သုံးခုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ National Research Nuclear University (Moscow Engineering Physics Institute-MEPhI) တက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာများ ရေးထိုးပွဲအခမ်းအနား ကျင်းပ




ရန်ကုန် အောက်တိုဘာ ၆

အဏုမြူစွမ်းအင်၊ နျူကလီးယားနည်းပညာ ဘာသာရပ်များအပါအဝင် သိပ္ပံနည်းပညာနှင့် အင်ဂျင်နီယာဘာသာရပ်များတွင် ပူးပေါင်းဆောင်ရွက်ကာ နိုင်ငံတော်အကျိုးပြုစွမ်းအားစုများအဖြစ် အရည်အသွေးပြည့်မီသော နည်းပညာရှင်များကို မွေးထုတ်ရေးနှင့် ပြည်သူ့အကျိုးပြု သုတေသနများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အဓိကရည်ရွယ်ကာ တက္ကသိုလ် သုံးခုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ National Research Nuclear University (Moscow Engineering Physics Institute-MEPhI)တက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားသည်။

**ဝမ်းမြောက်ဂုဏ်ယူ**

ဒုတိယဝန်ကြီးက ရုရှားနိုင်ငံသည် မြန်မာနိုင်ငံနှင့် အစဉ်မိတ်ဖက်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ယခုနှစ်သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုပြည့်နှစ်ဖြစ်ရာ ၁၉၅၈ ခုနှစ်၌ ရုရှားနိုင်ငံမှ စီးပွားရေးနှင့် ကျွမ်းကျင်မှုဆိုင်မှာ ပံ့ပိုးမှုများဖြင့် စတင်တည်ထောင်ပေးခဲ့ရာမှ မြန်မာ့အင်ဂျင်နီယာပညာရေးကဏ္ဍတွင် မီးရှူးတန်ဆောင်ဖြစ်သည့် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ယနေ့ကျင်းပသည့် အခမ်းအနားသည် နှစ်နိုင်ငံကြား ခိုင်မြဲသည့် ချစ်ကြည်ရင်းနှီးမှုနှင့် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုအတွက် ထူးခြားပြီး အရေးပါသည့် မှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခြင်းပင်ဖြစ်ပါကြောင်း၊ Ranking မြင့်မားသည့် အထင်ကရ MEPhI တက္ကသိုလ်နှင့် မိမိတို့ တက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ရသည်ကို ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နျူကလီးယားနည်းပညာကဏ္ဍ မြင့်မားရေးအတွက် အပြန်အလှန်ဖလှယ်ကာ မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ MEPhI တက္ကသိုလ် ဒုတိယပါမောက္ခချုပ် Dr. Dmitry A Savkin မှ အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်နည်းပညာတက္ကသိုလ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် (ကျောက်ဆည်)တို့နှင့် MEPhI တက္ကသိုလ်တို့ကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြကာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန Documentry သီချင်းနှင့် MEPhI တက္ကသိုလ် Documentry ဗီဒီယိုတို့ကို ကြည့်ရှုသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ MEPhI တက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်မြို့ရှိ နည်းပညာနှင့်ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များသည် ပင်မဆောင်ရှေ့နှင့် အထိမ်းအမှတ်ကျောက်စာတိုင်ရှေ့တို့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက မူခင်းကျူးလွန်ဆင်းရေး အသိပညာပေး ဟောပြော

ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက ကျောင်းသား ကျောင်းသူလူငယ်များအား မှုခင်းကျဆင်းရေးနှင့် ပတ်သက်၍ သိရှိနားလည်စေရန် အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ အနော်ရထာခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်ကျော်လွင်တို့က အဖွင့်အမှာစကားပြောကြားပြီး ပုဇွန်တောင်မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးတင်မောင်လွင်က ကျောင်းသား ကျောင်းသူလူငယ်များအား မှုခင်းများ မဖြစ်ပွားစေရေးအတွက် လိုက်နာဆောင်ရွက်တတ်စေရန်နှင့် ရှောင်ရှားတတ်စေရန်ရည်ရွယ်၍ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းစေရေး၊ သက်ငယ်မုဒိမ်းမှုဆိုင်ရာ အသိပညာပေးခြင်းနှင့် ဥပဒေနှင့်ပတ်သက်၍ သိသင့်သည့် ပြစ်မှု၊ ပြစ်ဒဏ်များအား ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပေးခဲ့ပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်အေးအေးမူက ကျေးဇူးတင်စကားပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**



# တာချီလိတ်မြို့၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

တာချီလိတ် အောက်တိုဘာ ၆

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန တာချီလိတ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ် သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကား ပြောကြားပြီး အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ကြီး ဒေါ်ခန့်စုယဉ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြကာ သင်တန်းတွင် ထူးချွန်ပထမဆုရရှိသော မဂျီးလာအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ဒုတိယဆုရရှိသော မနာစောတီအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်လင်းအောင်၊ တတိယဆုရရှိသော မဒီးနာအား ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်နှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူပြာခတို့က ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က အလှူငွေများ ပေးအပ်လှူဒါန်းရာ ဒုတိယကျောင်းအုပ်ကြီး ဒေါ်ခန့်စုယဉ်က လက်ခံရယူပြီး အခမ်းအနားတက်ရောက်လာကြသူများက သင်တန်းများ၏ လက်ရာများဖြစ်သော မုန့်များနှင့် အဝတ်အထည်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်း ဖွင့်လှစ်

ကျောင်းကုန်း အောက်တိုဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ၂၀၂၃ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အေးချမ်းသာယာခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကြည်ကြည်မြင့်က မြန်မာနိုင်ငံ၏တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်မှုစာရင်းဇယားများအား အတည်ပြု ထုတ်ပြန်နိုင်ရန်နှင့် တိရစ္ဆာန်ကောင်ရေ တိုးပွားမှုဆိုင်ရာ တွက်ချက်မှု စံနှုန်းများအားသုံးသပ်ပြင်ဆင်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကျောင်းကုန်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၁ အုပ်စုမှ ကျေးရွာ ၈၂ ရွာနှင့် ရပ်ကွက်နှစ်ခုတို့အား လာမည့် နိုဝင်ဘာ ၁ ရက်မှ စတင်ကာ ကောက်ယူသွားမည်ဖြစ်ပြီး အဆိုပါ ရပ်ကွက်နှင့်ကျေးရွာ ၈၄ ခုမှ တိရစ္ဆာန်ကောင်ရေစာရင်းကို အိမ်တိုင်းစေ့ ကွက်ပြည့်ကောက်ယူသွားမည်ဖြစ်ကြောင်းသိရသည်။



**ဝင်းကြိုင်(ပြန်/ဆက်)**

❂ (၁၉)ကြိမ်မြောက်မှ

အမျိုးသား မီတာ(၁၀၀၀) (၁၂)တက်လှော်ပြိုင်ပွဲ ပွဲစဉ်တွင် ပြိုင်ပွဲဝင် ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ရာ အင်ဒိုနီးရှားအသင်းက ပထမ၊ တရုတ်အသင်းက ဒုတိယနှင့် မြန်မာအသင်းက တတိယ ရရှိခဲ့ပြီး မြန်မာ(အမျိုးသား)အသင်းသည် မြန်မာနိုင်ငံအတွက် ကြေးတံဆိပ်ဆုကို ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ထို့အတူ အမျိုးသမီး မီတာ(၁၀၀၀) (၁၂)တက်လှော်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ရာ တရုတ်အသင်းက ပထမ၊ အင်ဒိုနီးရှားအသင်းက ဒုတိယနှင့် တောင်ကိုရီးယားအသင်းက တတိယ ရရှိခဲ့ကြပြီး မြန်မာအသင်းက အဆင့် (၆)နေရာ ရရှိခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကျင်းဟွာမြို့ Jinhau Sports Center ၌ ကျင်းပသည့် ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား သုံးယောက်တွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ နံနက် ၁၀ နာရီတွင် အမျိုးသမီး သုံးယောက် အုပ်စုပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းအသင်းက နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

မြန်မာပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲအသင်းသည် အုပ်စုပတ်လည် ပြိုင်ပွဲတွင် လေးသင်း တစ်အုပ်စုဖြင့် သုံးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ပွဲနိုင် နှစ်ပွဲရှုံးဖြင့် လည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲ အသင်းသည် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်တွင် သုံးသင်း တစ်အုပ်စုဖြင့် နှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲလုံးရှုံးနိမ့်သည့်အတွက် မြန်မာ အမျိုးသား၊ အမျိုးသမီး အသင်းအနေဖြင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ခုနစ်နည်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယနေ့အထိ ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု စုစုပေါင်း ဆုတံဆိပ် သုံးခုရရှိထားပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရိုးရာခြင်းလုံးအသင်းထံ အောင်နိုင်ရေးအလံပေးအပ်



**ပဲခူး အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၅ ရက် မွန်းလွဲပိုင်းက ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသ ကြီး ရိုးရာခြင်းလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရိုးရာခြင်းလုံးအသင်း သို့ အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားကျင်းပ သည်။

**ကြိုးစားယှဉ်ပြိုင်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း က အားကစားသမားများအနေဖြင့် အနိုင်/အရှုံး တစ်ခုတည်းကို ဦးတည်ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ ထိုက်တန်ထူးချွန်သည့် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ သတ္တိရှိမှု၊ သည်းခံနိုင်မှု၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်းရှိသေလိုက်နာမှု စသည့် အခြေခံကောင်း များကို အရင်းပြုပြီး အစဉ်အလာကောင်းခဲ့သော ပဲခူးတိုင်းဒေသကြီး၏ ဂုဏ်ကိုဆောင်ကာ ရွှေ၊ ငွေ၊ ကြေးတံဆိပ်များအပြင် အသင်းလိုက်တံခွန်စိုက် ဆုဖလားရရှိအောင် ကြိုးစားယှဉ်ပြိုင်ကြစေလို ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရိုးရာခြင်းလုံးအသင်း အား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေကျပ် ၂၂ သိန်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်က ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အခြေ အနေနှင့် စုစည်းလေ့ကျင့်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ထားဝယ်မြို့၌ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် တနင်္သာရီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ကျင်းပ

**ထားဝယ် အောက်တိုဘာ ၆**

မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီနှင့် တနင်္သာရီတိုင်း ဒေသကြီးလူငယ်ရေးရာကော်မတီ တို့ပူးပေါင်းကျင်းပသော လူငယ် စကားဝိုင်းကို ယနေ့မွန်းလွဲ ၂ နာရီ က ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



**ပြောကြား**

အခမ်းအနားတွင် မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဇင်မင်းထက်က အနာဂတ်နိုင်ငံတော်ကို တာဝန်ယူ ဆောင်ရွက်ကြရမည့် မျိုးဆက်သစ် လူငယ်များအပါအဝင် တစ်နိုင်ငံ လုံး၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံ ကျသော လိုအပ်ချက်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မား လာအောင် တိုးတက်မြှင့်တင် ဆောင်ရွက် ပေးသွားရမည် ဖြစ်သကဲ့သို့ လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထား အားပေးဆောင်ရွက် သွားရမည် ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူ လူငယ် များအနေဖြင့် တိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်စိတ်၊ ပြည်ထောင်စု စိတ်ဓာတ်၊ ငြိမ်းချမ်းရေး လိုလားသော စိတ်ဓာတ်များနှင့် စည်းကမ်း သေဝပ်သူများဖြစ်အောင် ကြိုးစား နေထိုင်ပြီး တိုင်းပြည်အနာဂတ် လှပအောင်၊ ကြီးပွားတိုးတက် အောင် ကြိုးစားတည်ဆောက်ကြ မည်ဆိုသည့် ရည်မှန်းချက်စိတ်ကူး များနှင့် ယခုသင်ကြား သင်ယူနေ သော ပညာရပ်များကို ကြိုးစား သင်ယူပြီး အနာဂတ်ကို ဦးဆောင် နိုင်သော လူငယ်များဖြစ်အောင် ကြိုးစားနေထိုင် သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူး ဒေါ်ယဉ်ယဉ်နုက ဦးဆောင် ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ဆွေးနွေးပြောကြားသူများအဖြစ် Grade-10 ကျောင်းသူ မမေသက်နိုင်က လူငယ်နှင့် အားကစား၊ Grade-8 ကျောင်းသား မောင်စည်သူဝင်းက လူငယ်နှင့် စာဖတ်ခြင်း၊ Grade-11 ကျောင်းသား မောင်ဝေယံဘုန်း ထက်က လူငယ်နှင့် စာရိတ္တ၊ Grade-6 ကျောင်းသူ မချိုလွင်ဇော် က လူငယ်နှင့် ပေါင်းသင်းဆက်ဆံ ရေး၊ ဆရာမိုးဒီ ကိုယ်ပိုင်အထက် တန်းကျောင်းမှ Grade-11 ကျောင်းသူ မမြတ်ရတနာသင်း က လူငယ်နှင့် မူးယစ်ဆေး၊ Edu Park ကိုယ်ပိုင်အထက်တန်း ကျောင်းမှ Grade-9 ကျောင်းသူ မဆုမြတ်မောင်လေးက လူငယ် နှင့် လူမှုမီဒီယာစသည့် ခေါင်းစဉ် များဖြင့် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာ သော ကျောင်းသား ကျောင်းသူ များနှင့် အပြန်အလှန် မေးမြန်း ဆွေးနွေးပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီးက ဆွေးနွေးပြောကြား သော ကျောင်းသား ကျောင်းသူ များအား ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း၊ တိုင်းဒေသကြီး ပညာရေးဌာန ညွှန်ကြားရေးမှူးထံ အားကစားပစ္စည်းများကို လည်း ကောင်း ပေးအပ်၍ တိုင်းဒေသကြီး ပညာရေးဌာန ညွှန်ကြားရေးမှူး က ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန က ခင်းကျင်းပြသထားသော ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ် စကားဝိုင်း ဆောင်ရွက်နိုင်မှု မှတ်တမ်းဓာတ်ပုံများနှင့် သုတ ရသ စာအုပ်ပြပွဲကို ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် အခမ်း အနားသို့ တက်ရောက်လာ ကြသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေး ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

**ပျဉ်းမနား အောက်တိုဘာ ၆**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မှ တောင်သူများအတွက် ၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေများကို ယမန်နေ့က စတင် ၍ ထုတ်ချေးပေးလျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုး စရိတ်ချေးငွေ စုစုပေါင်း ကျပ်သိန်း ၄၃၅၀ ကို ထုတ်ချေးပေးရန် လျာထားကြောင်း သိရသည်။



ပျဉ်းမနားမြို့နယ် မြန်မာ့ လယ်ယာဖွံ့ဖြိုးဘဏ်ခွဲမှ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးရာတွင် ချေးငွေ ပြေကျေသူများအား တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ကျေးရွာအုပ်စု ခုနစ်အုပ်စုတို့မှ တောင်သူ ၉၆၁ ဦးအတွက် ဆောင်းသီးနှံ စိုက်ပျိုးစရိတ် ချေးငွေ စုစုပေါင်း ကျပ်သိန်း ၄၃၅၀ ကို ထုတ်ချေးပေးရန် လျာထားပြီး ယနေ့တွင် ဇီးဖြူပင် ကျေးရွာအုပ်စုမှ တောင်သူ ၁၇၆ ဦးအတွက် ဆောင်းသီးနှံစိုက်ပျိုး စရိတ်ချေးငွေကျပ် ၉၀၉ သိန်း အား ထုတ်ချေးပေးခဲ့သည်။

**မျိုးသီဟ(ပြန်/ဆက်)**

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။

# တံတားလုပ်ငန်းများ အချိန်မီပြီးစီးရေး ကွင်းဆင်းကြီးကြပ်

**လေးမျက်နှာ အောက်တိုဘာ ၆**

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရုံးချုပ် တံတားတည်ဆောက်ရေးဌာနခွဲ က တာဝန်ယူဆောင်ရွက်နေသော စိန်တောင်တံတား (ပေ ၉၀ x ပေ၂၀) ကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်းကို အောက်တိုဘာ ၄ ရက်က ရုံးချုပ် တံတားတည်ဆောက်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ဇော်မင်းက ကွင်းဆင်း ကြီးကြပ်သည်။



မြို့နယ်ဦးစီးအရာရှိ (မြို့ပြ) ဦးမြင့်လင်းက အဆိုပါတံတားကို ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံ ငွေကျပ်၄၀၅ သန်း အကုန်အကျခံ၍ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိရာ ၂၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်ကြောင်း၊ သတ်မှတ်အချိန်အတွင်း ရာခိုင် နှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက် လျက်ရှိကြောင်း ရှင်းလင်းတင်ပြ သည်။

ထို့နောက် ပဆင - မြင်းကုန်း လမ်းပေါ်ရှိ ကင်းပွန်ချောင်းကူး တံတားတည်ဆောက်ရေးလုပ်ငန်း ခွင်သို့ ရောက်ရှိပြီး ပြည်တော်ဟိန်း ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲနောင်က အဆိုပါတံတား တည်ဆောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရ သည်။

**တင်ရွှေ(ပြန်/ဆက်)**



## ကောလင်းမြို့ မြောက်အင်း(အလက)ခွဲကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

ကောလင်း အောက်တိုဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ မြောက်အင်း (အလက) ခွဲကျောင်း၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီခွဲတွင် အဆိုပါကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကောလင်းမြို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူရက လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မိုးခက်က ဦးဆောင်၍ လူငယ်စကားဝိုင်းကို စတင်ရာ ကျောင်းသား ကျောင်းသူ လေးဦးက လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်မူးယစ်ဆေးဝါး စသည့်ခေါင်းစဉ်များကို တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်ဆွေးနွေးကြပြီး ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)

## ဖလမ်းမြို့၌ လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ



ဖလမ်း အောက်တိုဘာ ၆

ချင်းပြည်နယ် ဖလမ်းမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ လူငယ်အသိပညာပေးဟောပြောပွဲကို ယနေ့တွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ခရိုင်ပညာရေးမှူး ဦးသွမ်လျန်က လူငယ်နှင့် ဘဝရည်မှန်းချက်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက် ကျန်းမာရေးမှူး ဦးဗန်ဘွဲ့သျှန်းက လူငယ်နှင့် ဆယ်ကျော်သက်အရွယ်ကျန်းမာရေး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရှိန်းတမ်က လူငယ်နှင့်စာရိတ္တ၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမာန်မနားက လူငယ်နှင့်အားကစား စသည့် ခေါင်းစဉ်များဖြင့် ဟောပြောပြီး ဘောလုံးနှင့် ပိုက်ကျော်ခြင်းပိုက်ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထန်နွမ်က လက်ခံရယူသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလာလ်ထောင်းပြန်က စိုက်ပျိုးရေး ကျောင်းတက်ခြင်းကြောင့်ရရှိနိုင်သော အကျိုးများနှင့် အခွင့်အရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးလှခင်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များဆိုင်ရာ သိကောင်းစရာခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ရဲမြင့်အောင်

## ရှာငံမြို့နယ် ရေဦးအခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းပြုလုပ်

ရှာငံ အောက်တိုဘာ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို အထက(ရေဦး)ခန်းမ၌ ယမန်နေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှာငံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးသန့်က လူငယ်စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နီနီမြင့်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အထက(ရေဦး) ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ဆိုရှယ်မီဒီယာခေါင်းစဉ်ဖြင့် Grade – 9 မှ မောင်အောင်ကိုကိုသန့်၊ လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် Grade – 12 မှ မောင်ဉာဏ်လင်းထက်၊ လူငယ်နှင့်မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် Grade – 11 မှ မထွန်းသဇင်မိုးသန့်၊ လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့် Grade – 11 မှ မမိုးမြင့်မြတ်ချို၊ လူငယ်နှင့်အကျင့်စာရိတ္တခေါင်းစဉ်ဖြင့် Grade – 9 မှ မသိမ့်ဝေဝေဇင်တို့က ဆွေးနွေးကြပြီး ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ စကားဝိုင်းတွင်ပါဝင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၁)တို့က အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ခဲ့ပြီး ရေဦးအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ငြိမ်းငြိမ်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ပေါက်ခေါင်းမြို့နယ် အထက(ဓမ္မသော်)၌ ကျောင်းတွင်းရသပညာပြိုင်ပွဲများ ကျင်းပ

ပေါက်ခေါင်း အောက်တိုဘာ ၆

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဓမ္မသော်)၌ ကျောင်းတွင်းရသပညာ (တေးကဗျာနှင့် ပုံပြော)ပြိုင်ပွဲကို ယမန်နေ့က အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အထက (ဓမ္မသော်)ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူခိုင်က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မူလတန်းအဆင့် ရသပညာပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များဖြစ်သည့် အပြောအဆိုလိမ္မာယဉ်ကျေးလာစေရန်၊ အနုပညာဂီတကို ခံစားနားလည်တတ်စေရန်၊ လူအများနှင့်ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ နှုတ်မှုစွမ်းရည်နှင့် တီထွင်ဖန်တီးနိုင်မှုများ ပြုလုပ်နိုင်စေရန်အတွက် ယခုပြိုင်ပွဲမှတစ်ဆင့် ကျောင်းသား ကျောင်းသူ လူငယ်များ စိတ်ဓာတ်ခွန်အားများရရှိပြီး အသိအမြင်ဗဟုသုတများနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဓမ္မသော်တိုက်နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးမင်းဇော်က အမှာစကားပြောကြားပြီး အထက်တန်းကျောင်းသားတစ်ဦးက လူချွန်လူကောင်းသီချင်းဖြင့် သီဆိုဂုဏ်ပြုခဲ့သည်။ ထို့နောက် တေးကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲ ဆက်လက်ကျင်းပရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူလေးများက ကဗျာ၊ ပုံပြင်ခေါင်းစဉ်အသီးသီးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းထွန်းအောင်(ပြန်/ဆက်)

## အင်းစိန်အထက(၃)၌ လူငယ်အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ



ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ လူငယ်အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အင်းစိန်အထက(၃) အောင်ဆန်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးဆန်းဝင်းက အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇင်က မုဒိတာစကား ပြောကြားသည်။ ထို့နောက် စာရေးဆရာ ရန်ကျော်က လူငယ်များ ဗလငါးတန်ပြည့်ဝရေး အသိပညာပေးဟောပြော၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးစီစီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများက ပညာမြင့်မှ လူမျိုးတင့်မည်၊ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်စို့၊ မူးယစ်ရန်စွယ် တို့ကာကွယ်၊ ချစ်မြတ်နိုးစရာ မြန်မာ့အနုပညာ၊ ပညာရဲရင့်ပွဲလယ်တင့်၊ အစဉ်ရှေးရှု မြန်မာ့ယဉ်ကျေးမှု၊ ယနေ့လူငယ် နောင်ဝယ်လူကြီး၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့နှင့် ကျွန်ုပ်၏အိပ်မက် ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် စာရေးဆရာ ရန်ကျော်အား တိုင်းဦးစီးမှူး ဦးဆန်းဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂါရဝလက်ဆောင်ပေးအပ်ပြီး ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အထူးဆုများ ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ပြသထားသည့် စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်များအား ကျောင်းသား ကျောင်းသူများက ကြည့်ရှုခဲ့ကြပြီး ကျောင်းသား ကျောင်းသူများကို ဉာဏ်စမ်း၊ မြားပစ်နှင့် စက်ဝိုင်းလှည့် အားကစားပြိုင်ပွဲများကို ကျင်းပပေးကာ ထူးချွန်သည့်သူများကို ကျောင်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျိုင်းတုံမြို့နယ်၌ လူငယ်ရေးရာနှင့် အားကစားဆိုင်ရာ အသိပညာပေးဟောပြော



ကျိုင်းတုံ အောက်တိုဘာ ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ လူငယ်ရေးရာနှင့်အားကစားဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့တွင် အခြေခံပညာအထက်တန်းကျောင်း (ကတ်ဖ)၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျိုင်းတုံမြို့နယ် အားကစားမှူး ဦးစိုင်းသိန်းထွန်းက လူငယ်၊ လူရွယ်များ ငယ်ရွယ်နုပျိုစဉ်အချိန်မှစ၍ လမ်းမှားသို့မရောက်ရှိစေရေးအတွက် အားလပ်ချိန်များတွင် အားကစားကို လုပ်ဆောင်စေလိုကြောင်းနှင့်ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေရေး၊ အနာဂတ်မြန်မာနိုင်ငံအတွက် အားကိုးအားထားပြုရမည့် လူတော်လူကောင်းများ ပေါ်ထွန်းလာရေး စသည့် လူငယ်ရေးရာနှင့်အားကစားဆိုင်ရာ အကြောင်းအရာများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် မြို့နယ်အားကစားမှူးက ဘောလုံး၊ ဘတ်စကက်ဘော၊ ခြင်းလုံး အစရှိသည့် အားကစားပစ္စည်းများကို ကျောင်းအတွက် ပံ့ပိုးလှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

# ရုရှား-တရုတ် ပူးပေါင်းဆောင်ရွက်မှုသည် ကမ္ဘာ့ရေးရာတည်ငြိမ်ရေးအတွက် အရေးကြီးသောအချက်ဖြစ်ဟု ရုရှားသမ္မတပူတင် ပြောကြား

**ဆိုချီ အောက်တိုဘာ ၆**

ရုရှား-တရုတ် ပူးပေါင်းဆောင်ရွက်မှုသည် ကမ္ဘာ့ရေးရာ တည်ငြိမ်ရေးအတွက် အရေးကြီးသော အချက်ဖြစ်ကြောင်းနှင့် ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်းသည် အလားအလာများစွာရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က အောက်တိုဘာ ၅ ရက်တွင် ပြောကြားခဲ့သည်။

ဆိုချီမြို့ရှိ Valdai Discussion Club ၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အစည်းအဝေး၌ ဆင်ဟွာသတင်းဌာနက မေးမြန်းမှုကို ဖြေကြားရာတွင် ပူတင်က ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။


တရုတ်နိုင်ငံ၏ အလားအလာရှိသည့် စီးပွားရေးတိုးတက်မှုကို ရည်ညွှန်းပြီး တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေး ထိပ်တန်းနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ကြောင်း ပူတင်က ပြောကြားခဲ့သည်။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ တရုတ်၊ ရုရှား နှစ်နိုင်ငံတို့သည် ယူရေးရှားစီးပွားရေး အသိုက်အဝန်း တည်ဆောက်ရေးနှင့် အလားအလာရှိသော ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပူတင်က ဆက်လက်ပြောကြားခဲ့သည်။

တရုတ်နှင့် ရုရှား နှစ်နိုင်ငံစလုံးသည် မည်သည့်နိုင်ငံကိုမျှ စစ်ရေးအရ ဆန့်ကျင်သည့် အဖွဲ့အစည်းများဖန်တီးရန် မရည်ရွယ်ကြောင်း ပူတင်က ထပ်လောင်းပြောကြားခဲ့သည်။

Valdai Discussion Club ၏ အကြိမ် (၂၀)မြောက် နှစ်ပတ်လည် အစည်းအဝေးကို အောက်တိုဘာ ၂ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့ပြီးနိုင်ငံနှင့်ဒေသပေါင်း ၄၀ ကျော်မှ ကျွမ်းကျင်သူများနှင့် သံတမန်များ တက်ရောက်ခဲ့ကြသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**




# အိန္ဒိယနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွား၊ အနည်းဆုံး ၁၄ ဦးသေဆုံး

**နယူးဒေလီ အောက်တိုဘာ ၆**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက် တောင်တန်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၄ ဦး သေဆုံးပြီး ၁၀၀ ကျော် ပျောက်ဆုံးလျက် ရှိကြောင်း ဒေသတွင်း မီဒီယာများက ဖော်ပြသည်။



ဆစ်ကင်မ် ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်တစ်စင်းရေလျှံကာ မြစ်ကြောင်းတစ်လျှောက် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း အိန္ဒိယ သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်များက ပြောကြားသည်။

ရေကြီးရေလျှံမှုများကြောင့် ဖြစ်ပေါ်လာသည့် ရွှံ့နွံများပါဝင်သောရေစီးကြောင်းများ၊ ရေနစ်မြုပ်နေသည့် အဆောက်အအုံများနှင့် လမ်းများပြိုကျသည့်နေရာများကို မှတ်တမ်းတင်ဗီဒီယိုများတွင် ကြည့်ရှုနိုင်သည်။

ရေကြီးမှုအတွင်း အိမ်နှင့် ပိုင်ဆိုင်မှုပစ္စည်းများအားလုံး ရေစီးနှင့်အတူ မျောပါသွားကြောင်း ဒေသခံတစ်ဦးက ဆိုသည်။

ထို့ပြင် လမ်းမများ ပျက်စီးပြီး ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးချုပ်မိုဒီက ရေဘေးသင့်ဒေသသို့ အကူအညီများ ပေးပို့သွားမည်ဟု ၎င်း၏အင်တာနက်စာမျက်နှာတွင် ရေးသားထားသည်။

မိုးရွာသွန်းမှုနှင့် ရေကြီးမှုများ ဆက်လက် ဖြစ်ပွားနိုင်သည့်အတွက် သတိရှိစွာ နေထိုင်ကြရန် မိုးလေဝသ တာဝန်ရှိသူများက ပြည်သူများအား တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံ၌ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှုမြင့်တက်

**ဟနွိုင်း အောက်တိုဘာ ၆**

ဗီယက်နမ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမြင့်တက်နေကြောင်း ဗီယက်နမ်နယူးစ်သတင်းစာက အောက်တိုဘာ ၆ ရက်တွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၏ မြို့တော် ဟနွိုင်းတွင် လွန်ခဲ့သည့်လအတွင်း ကူးစက်ခံရသူ ၁၅၃၀၀ ကျော်အထိ မြင့်တက်လာခဲ့သည်။

ဟနွိုင်းအခြေစိုက် အပူပိုင်းဒေသရောဂါဆိုင်ရာ အမျိုးသားဆေးရုံသည် တစ်နေ့လျှင် ဝမ်းဗိုက်နာခြင်း၊ အသည်းနာခြင်း၊ အကျိတ်သွေးထွက်ခြင်း၊ သွေးဥများနည်းခြင်း၊ သွေးကျဥများနည်းခြင်းနှင့် သွေးကျဉ်ခြင်း လက္ခဏာများ ခံစားနေရသည့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ လေးဦးမှ ငါးဦးအထိ ကုသပေးလျက်ရှိသည်။

အထူးကြပ်မတ် ကုသဆောင်တွင် စနစ်တကျကုသမှုမခံယူရပါကၤ၎င်းလူနာများသည် လေးနာရီမှ ခြောက်နာရီအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားပြီး သေဆုံးနိုင်သည်ဟု ဆေးရုံမှ ဒုတိယညွှန်ကြားရေးမှူး ငုယင်ထရန်ကပ်က ပြောသည်။

ဟနွိုင်းနှင့် နိုင်ငံ၏မြောက်ပိုင်းဒေသများတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုကို မှတ်တမ်းတင်ခဲ့ရာတွင် စက်တင်ဘာနှင့် အောက်တိုဘာတွင် အမြင့်ဆုံးဖြစ်ကြောင်း အမျိုးသားကျန်းမာရေးနှင့် ကူးစက်ရောဂါဗေဒဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ မြို့တော်တွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုအရေအတွက်သည်အခြားမြောက်ပိုင်းပြည်နယ်များထက် လျင်မြန်စွာ မြင့်တက်လျက်ရှိပြီး လူနေထူထပ်သော မြို့တော်ဟနွိုင်းတွင် ခရီးသွားလာမှုနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ များပြားသောကြောင့် ခြင်များပေါက်ပွားရန် လွယ်ကူပြီး ရောဂါကူးစက်ပျံ့နှံ့မှု လွယ်ကူစေသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၁၀-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၄၅ | ၁၉၉၅ | ၁၉၉၀ | ၁၉၅၅ | ၁၉၉၀ | ၂၀၁၅ | ၂၀၀၀ | ၁၉၈၀ | ၂၀၇၅ | ၂၀၉၅ | ၁၉၈၅ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၁၅ | ၂၂၆၅ | ၃၂၀၀ |
| 95 Ron | ၂၀၄၅ | ၂၀၉၅ | ၂၀၉၀ | ၂၀၅၅ | ၂၀၉၀ | ၂၁၁၅ | ၂၁၀၀ | ၂၀၈၀ | ၂၁၇၅ | ၂၁၉၀ | ၂၀၈၅ | ၂၁၀၀ | ၂၁၃၀ | ၂၁၃၀ | ၂၁၁၅ | ၂၃၆၀ | ၃၃၀၀ |
| HSD (500 ppm) | ၂၂၂၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၄၀ | ၂၂၇၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၃၇၅ | ၂၃၇၀ | ၂၂၆၅ | ၂၂၇၀ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၀ | ၂၅၄၀ | ၃၃၀၀ |
| HSD (50 ppm) | ၂၂၆၅ | ၂၃၁၀ | ၂၃၁၀ | ၂၂၇၀ | ၂၃၁၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၄၁၅ | ၂၄၁၀ | ၂၃၀၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၀ | ၂၅၈၀ | ၃၃၆၀ |
| HSD (10 ppm) | ၂၂၆၅ | ၂၃၁၀ | ၂၃၁၀ | ၂၂၇၀ | ၂၃၁၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၄၁၅ | ၂၄၁၀ | ၂၃၀၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၀ | ၂၅၈၀ | ၃၃၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၄၄ | ၁၉၁၅ |
| 95 Ron | ၁၉၄၀ | ၂၀၁၃ |
| HSD (500 ppm) | ၂၁၁၄ | ၂၁၈၅ |
| HSD (50 ppm) | ၂၁၅၃ | ၂၂၂၅ |
| HSD (10 ppm) | ၂၁၅၃ | ၂၂၂၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၇၆ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ငါးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၆-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၅-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၇၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်း မှာ (၀.၁၂) ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်ပညာရေးတက္ကသိုလ်
## (၅၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်များတွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ PhD၊ MEd၊ BEd(ပဥ္စမနှစ်) ၂၀၁၄ အောင်၊ BEd(ပဥ္စမနှစ်) အမှတ်စဉ်(၁၉)၊ BEd(ပဥ္စမနှစ်) ၂၀၁၅ အောင်၊ BEd(ပဥ္စမနှစ်) အမှတ်စဉ်(၂၀)၊ BEd(ပဥ္စမနှစ်) ၂၀၁၆ အောင်၊ BEd(ပဥ္စမနှစ်) အမှတ်စဉ်(၂၁)၊ BEd(စာပေးစာယူ) အမှတ်စဉ်(၃၇)၊ BEd(စာပေးစာယူ) အမှတ်စဉ်(၃၈)၊ MA(TEFL)၊ DEM အမှတ်စဉ်(၁)၊ PGDAM အမှတ်စဉ်(၂၀)၊ Dip(ECCD) နှင့် Dip(ELTM) သင်တန်းအောင်မြင်ခဲ့သူများအတွက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပါသည်-

ကျင်းပမည့်ရက် - **၁၇-၁၁-၂၀၂၃(သောကြာနေ့) မှ ၁၉-၁၁-၂၀၂၃ (တနင်္ဂနွေနေ့)**

ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်

ကျင်းပမည့်အချိန် -

- **၁၇-၁၁-၂၀၂၃(သောကြာနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**
PhD(Ethe, Epsy, Meth) (၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂)၊ MEd (Ethe, Epsy, Meth) (၂၀၁၉-၂၀၂၀)၊ BEd (၂၀၁၄ အောင်)၊ BEd အမှတ်စဉ်(၁၉) အမှတ်စဉ် (၁မှ ၁၄၈)ထိ၊ PGDMA(20) အမှတ်စဉ် (၁မှ ၁၀၂)ထိ

- **၁၇-၁၁-၂၀၂၃(သောကြာနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**
BEd အမှတ်စဉ်(၁၉) အမှတ်စဉ် (၁၄၉ မှ ၂၉၅)ထိ၊ BEd (၂၀၁၅ အောင်)၊ PGDMA(20) အမှတ်စဉ် (၁၀၃ မှ ၁၉၄) ထိ၊ BEd (စာပေးစာယူ) အမှတ်စဉ်(၃၇) မြန်မာစာ၊ အင်္ဂလိပ်စာ

- **၁၈-၁၁-၂၀၂၃(စနေနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**
PhD(Ethe, Epsy, Meth) (၂၀၂၂-၂၀၂၃)၊ MEd(Ethe, Epsy, Meth, PE) (၂၀၂၁-၂၀၂၂)၊ MEd (Meth) (၂၀၂၂-၂၀၂၃)၊ BEd အမှတ်စဉ်(၂၀)၊ BEd(၂၀၁၆ အောင်)၊ BEd အမှတ်စဉ်(၂၁)၊ Dip ECCD အပတ်စဉ်(၃)၊ Dip ELTM (၂၀၁၉-၂၀၂၀)၊ BEd(စာပေးစာယူ) အမှတ်စဉ်(၃၇) သမိုင်း

- **၁၈-၁၁-၂၀၂၃(စနေနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**
DEM(1), MA(TEFL) (၂၀၁၉-၂၀၂၀)၊ BEd (စာပေးစာယူ) အမှတ်စဉ်(၃၇) ပထဝီဝင်၊ ဘောဂဗေဒ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ

- **၁၉-၁၁-၂၀၂၃(တနင်္ဂနွေနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**
Dip ELTM (၂၀၂၂-၂၀၂၃)၊ BEd (စာပေးစာယူ) အမှတ်စဉ် (၃၇) ဇီဝဗေဒ၊ BEd (စာပေးစာယူ) အမှတ်စဉ်(၃၈) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ပထဝီဝင်

- **၁၉-၁၁-၂၀၂၃(တနင်္ဂနွေနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**
BEd(စာပေးစာယူ) အမှတ်စဉ်(၃၈) ဘောဂဗေဒ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ

အစမ်းလေ့ကျင့်မည့်ရက် - **၁၅-၁၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့)**

အစမ်းလေ့ကျင့်မည့်အချိန် - **နံနက် (၉:၀၀)နာရီ**
PhD(Ethe, Epsy, Meth) (၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂၊ ၂၀၂၂-၂၀၂၃)၊ MEd (Ethe, Epsy, Meth) (၂၀၁၉-၂၀၂၀)၊ MEd (Ethe, Epsy, Meth, PE) (၂၀၂၁-၂၀၂၂)၊ MEd(Meth) (၂၀၂၂-၂၀၂၃)၊ BEd(၂၀၁၄ အောင်)၊ BEd အမှတ်စဉ် (၁၉)၊ BEd (၂၀၁၅ အောင်)၊ BEd အမှတ်စဉ်(၂၀)၊ MA(TEFL) (၂၀၁၉-၂၀၂၀)

**မွန်းလွဲ (၁၃:၀၀)နာရီ**
BEd(၂၀၁၆ အောင်)၊ BEd အမှတ်စဉ်(၂၁)၊ PGDMA(20)၊ BEd(စာပေးစာယူ) အမှတ်စဉ်(၃၇) မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်

အစမ်းလေ့ကျင့်မည့်ရက် - **၁၆-၁၁-၂၀၂၃ (ကြာသပတေးနေ့)**

အစမ်းလေ့ကျင့်မည့်အချိန် - **နံနက် (၉:၀၀)နာရီ**
Dip ECCD အပတ်စဉ်(၃)၊ Dip ELTM (၂၀၁၉-၂၀၂၀၊ ၂၀၂၂-၂၀၂၃)၊ DEM(1)၊ BEd(စာပေးစာယူ) အမှတ်စဉ်(၃၇) သမိုင်း၊ ဘောဂဗေဒ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ BEd(စာပေးစာယူ) အမှတ်စဉ်(၃၈) မြန်မာစာ၊ အင်္ဂလိပ်စာ အမှတ်စဉ်(၁ မှ ၄၀)ထိ

**မွန်းလွဲ (၁၃:၀၀)နာရီ**
BEd(စာပေးစာယူ) အမှတ်စဉ်(၃၈) အင်္ဂလိပ်စာ အမှတ်စဉ်(၄၁ မှ ၁၄၁) ထိ၊ သမိုင်း၊ ပထဝီဝင်၊ ဘောဂဗေဒ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ

ဘွဲ့နှင်းသဘင်ကြေး - ၁၅၀၀၀/(ကျပ်တစ်သောင်းငါးထောင်တိတိ)

အဝေးရောက်ဘွဲ့ကြေး - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

လျှောက်လွှာစတင်လက်ခံမည့်ရက် - ၉-၁၀-၂၀၂၃ (တနင်္လာနေ့)

လျှောက်လွှာပိတ်ရက် - ၂၅-၁၀-၂၀၂၃ (ဗုဒ္ဓဟူးနေ့)

(စနေ၊ တနင်္ဂနွေ အပါ)

မှတ်ချက်။ ။

(၁) လျှောက်လွှာပုံစံများကို ရန်ကုန်ပညာရေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင်ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်အတွက် (၁)လအတွင်း မြန်မာဝတ်စုံဖြင့် ရိုက်ကူးထားသော (၂ x ၁½)လက်မ ဓာတ်ပုံ (၂)ပုံ ပူးတွဲလျှောက်ထားရမည်။ နောက်ခံ အပြာနုဖြစ်ရမည်။ သတ်မှတ်ချက်နှင့် ညီညွတ်သော ဓာတ်ပုံ (၂)ပုံ၏ နောက်ကျောတွင် အမည်၊ ခုံအမှတ်၊ မှတ်ပုံတင်အမှတ် ပီသစွာ ရေး၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့်အတူ သတ်မှတ်သော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(၂) ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို **တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။**

(၃) နယ်မှလျှောက်ထားသူများသည် ဘွဲ့နှင်းသဘင်ကြေးများကို ရန်ကုန်ပညာရေး တက္ကသိုလ်၊ ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ **(Postal Money Order)** ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏ အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြရမည့်အပြင် လျှောက်ထားသူ၏ အမည်၊ စာမေးပွဲအောင်မြင်သည့် ခုနှစ်၊ လ၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ်၊ နေရပ်လိပ်စာအပြည့်အစုံ စသည်တို့ကို တိကျစွာ ဖော်ပြရပါမည်။

(၄) အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ယူမည့် အမျိုးသားများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ ပြည့်နှင့် အမျိုးသမီးများသည် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော မြန်မာထဘီ အင်္ကျီနှင့် တိုင်းရင်းသားဝတ်စုံကို ဝတ်ဆင်ခွင့်ပြုသည်။

(၅) ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို (၆-၁၁-၂၀၂၃) (တနင်္လာနေ့)မှ စတင်၍ ရန်ကုန်ပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် ထုတ်ပေးပါမည်။

(၆) အသေးစိတ်ကို ရန်ကုန်ပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် စုံစမ်းနိုင်ပါသည်။

**(Ph:01-534273)**

**(ညွှန့်ညွှန့်ရီ)**
**မော်ကွန်းထိန်း**



ကချင်ပြည်နယ် ၊ ဝိုင်းမော်မြို့နယ်ရှိ ရွှေမိုးတောင်စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်း ပြန်လည်ကပ်လှူပူဇော်နိုင်ရေး ပါဝင်လှူဒါန်းနိုင်

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ် ၊ မိုင်းနားကျေးရွာတွင် ကိန်းဝပ်တည်ရှိသည့် ရဟန္တာတစ်ထောင် ရှင်ပင်မြတ်စွာ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တ သီလဝံသ (ပျံလွန်)၏ ဦးဆောင် သြဝါဒပြုမှုဖြင့် (၂၀၁၄) ခုနှစ်တွင် မြေသန့်မင်္ဂလာ အခမ်းအနားပြုလုပ်၍ စတင်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြုသော တပ်မတော် ( ကြည်း ၊ ရေ ၊ လေ) မိသားစုများ၊ ပြည်နယ်အစိုးရအဖွဲ့၊ မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ် နှင့် ရပ်ဝေးရပ်နီးမှ စေတနာရှင် အလှူရှင်များ၏ ပါဝင်လှူဒါန်းမှုဖြင့် (၁၉-၃-၂၀၁၈)ရက်နေ့၌ ရွှေထီးတော်တင်လှူပူဇော် တည်ထားကိုးကွယ်ခဲ့ပါသည်။ ရွှေထီးတော် တင်လှူချိန်တွင် စေတီတော်ကြီးကို လုံးတော်ပြည့် ရွှေသား၊ ရွှေစင်၊ ရွှေသင်္ကန်း တော်များ ကပ်လှူပူဇော်နိုင်ခဲ့ပါသည်။

ယခုအခါ စေတီတော်ကြီးတစ်ဆူလုံး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် လိုအပ်လာပြီဖြစ်သဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တို့၏ ဦးဆောင်မှုဖြင့် စစ်ဘက်၊ နယ်ဘက်၊ ဌာနဆိုင်ရာ၊ ရပ်ဝေးရပ်နီးမှ စေတနာရှင် အလှူရှင်များ ပူးပေါင်းပါဝင်၍ ရွှေသင်္ကန်းတော် ပြန်လည်ကပ်လှူကြမည်ဖြစ်ရာ ရွှေသင်္ကန်းကပ်လှူရေးလုပ်ငန်းများကို ၂၀၂၃ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလ အတွင်း ပြီးစီးအောင်မြင်အောင် စုပေါင်း ကုသိုလ်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ဦးကျော်ရဲထွန်း (ညွှန်ကြားရေးမှူး) ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန (ဖုန်း- ၀၉၅၆၄၀၅၃၉)၊ ဦးသန်းထွေး (ပြည်နယ်သာသနာရေးမှူး) (ဖုန်း - ၀၉၂၅၄၈၇၀၇၃၆)၊ ဦးဒီးဒုတ် (ရွှေမိုးတောင်ဂေါပကအဖွဲ့)(ဖုန်း- ၀၉၄၂၇၀၀၀၅၅၆)ထံသို့ ပေးပို့ပါဝင်လှူဒါန်း ကုသိုလ်ယူနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ရွှေမိုးတောင်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူ
ပူဇော်ရေးဦးစီးကော်မတီ၊ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၂ စီမံကိန်း၂)၊ မြေကွက်အမှတ်(၁၅၃)၊ မြေကွက်တည်နေရာ-အမှတ်(၁၅၃)၊ ကျန်စစ်သားလမ်း၊ (၁၄/စီမံကိန်း ၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးသောင်းတင် [၁၂/ဥကတ(နိုင်)၁၀၄၁၆၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသောင်းတင်(ဖခင်)နှင့် ဒေါ်နှင်းကြည်(မိခင်)တို့ ကွယ်လွန်သဖြင့် မွေးဖွားသော သား/သမီး(၅)ဦးတွင် သားတစ်ဦးဖြစ်သူ ဦးမျိုးမြင့်သည် လူပျိုကြီးဘဝဖြင့်လည်းကောင်း၊ သမီးတစ်ဦးဖြစ်သူ ဒေါ်အေးအေးချိုသည် အပျိုကြီးဘဝဖြင့် (ကွယ်လွန်ပြီး)၊ သားတစ်ဦးဖြစ်သူ ဦးမြင့်ဆွေ(ထပ်မံ) ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ဇနီးဖြစ်သူ ဒေါ်သင်းသင်းဝင်း(ခ) ပင်စီဖေ [၁၂/ပဇတ(နိုင်) ၀၁၉၉၆၄] မှ လည်းကောင်း၊ သားတစ်ဦးဖြစ်သူ ဦးဝင်းကိုကို (ထပ်မံ) ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ဇနီးဖြစ်သူ ဒေါ်မိုးကေခိုင် [၁၂/ဥကတ(နိုင်) ၁၀၄၁၂၇] နှင့် ကျန်သမီးတစ်ဦးဖြစ်သူ ဒေါ်သက်သက် [၁၂/ဥကတ(နိုင်)၀၃၅၇၆၁]နှင့် ပူးတွဲလျက် သမီး၊ ချွေးမများတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၂၂၄၄/၂၀၂၂ (၂၄-၈-၂၀၂၂)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုစာရင်း၊ သေစာရင်း၊ ဂရန်၊ နိုင်၊ ကတ်၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၅၁၄)၊ စစ်တောင်းလမ်း၊ (၇၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ မြေကွက်အမှတ်(၅၁၄)၊ ဧရိယာ(၄၀' x ၆၀')အကျယ် အဝန်းရှိ ပါမစ်မြေသည် ဦးကြည်ညွှန့် [၁၂/လသန(နိုင်)၁၁၂၉၄၄] အမည်ပေါက်ဖြစ်ပြီး၊ အဆိုပါမြေကို ဦးထွန်းကြိုင်[၈/မမန(နိုင်)၁၅၉၆၇၁]ထံမှ (၅-၁၀-၂၀၂၃)ရက်စွဲပါ "မြေကွက်အရောင်းအဝယ်သဘောတူစာချုပ်" ဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သည့် ဦးပြည့်စုံအောင် [၉/မထလ(နိုင်)၂၃၇၃၇၅]နှင့် ဒေါ်ဟေမြိုင်ထွန်းစံအေး [၁၂/တကန(နိုင်)၁၈၈၆၅၅]တို့မှ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီးဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေများသာလျှင် အထက်ဖော်ပြပါ မြေကွက်၏ ပိုင်ရှင်များဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဝေ(စဉ်-၇၁၂၄) ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၉၊မြေကွက်အမှတ်-၃၀၁(က)၊မြေကွက်တည်နေရာအမှတ်-၃၀၁(က)၊ပုလဲလမ်း၊(၁၉)ရပ်ကွက်၊ဒဂုံတောင်၊ဦးကျော်မြင့်(MMA-၁၃၅၉၈၄)အမည်ပေါက်ပါမစ်မြေအားပါမစ်အမည်ပေါက်-ဦးကျော်မြင့်ထံမှအရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူသူ၁။ဦးစိန်မြင့်(၁၂/ဥကမ(နိုင်)၁၃၂၅၄၀)၊၂။ဒေါ်ခင်သစ်သစ်နွယ်(၁၂/ဥကမ(နိုင်)၁၁၄၂၆၇)တို့မှအရပ်ကတိစာချုပ်၊မိသားစုဓါတ်ပုံ(ရေစိုမထင်ရှား)၊အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊မြေနေရာချထားပေးခံရသူများ၏မှီခိုသူများစာရင်း(မှင်ခံဖြင့်ရေးသွင်းထား)၊နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊အဆိုပါမြေကွက်၏ပါမစ်မူရင်းမှာ(၂၀၀၈)ခုနှစ်တွင်နာဂစ်မုန်တိုင်းကြောင့်ပါမစ်၏ဓါတ်ပုံ(ရှေ့ခြမ်း/နောက်ခြမ်း)တို့မှာရေစိုပြီးမထင်မရှားဖြစ်သွားခြင်းနှင့်စပ်လျဉ်း၍မိမိတို့လက်ဝယ်ရှိပါမစ်မှာမူရင်းမှန်ကန်ပါကြောင်း၊အဆိုပါမြေကွက်အားအခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှလွှဲပြောင်း၊ရောင်းချ၊ပေါင်နှံ၊ပေးကမ်း၊စွန့်လွှတ်၊လှူဒါန်း၊အာမခံအဖြစ်တင်သွင်းထားခြင်းလုံးဝမရှိပါကြောင်း၊ပါမစ်မူရင်းပျက်စီးမှုနှင့်ပတ်သက်၍အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကမိမိတို့ကသာတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း၊ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ်-၁၆၈၅/၂၀၂၃(၃၀-၁-၂၀၂၃)ဖြင့်ကျမ်းကျိန်ဆိုထားသည့်ကျမ်းကျိန်လွှာ(၁)စောင်တို့တင်ပြ၍နှစ်(၆၀)မြေငှားဂရန်လျှောက်ထားခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာ(၁)ထပ်ပျဉ်ကာသွပ်မိုးအဆောက်အဦး(၁)လုံးရှိပြီးကိုယ်တိုင်နေထိုင်ပြီးဦးစိန်မြင့်၊ဒေါ်ခင်သစ်သစ်နွယ်တို့မှကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးပေးပါသဖြင့်ဦးစိန်မြင့်+၁တို့၏နှစ်(၆၀)မြေငှားဂရန်လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေဝင်း [၁၂/မရက(နိုင်)၁၀၈၀၈၆]၊ အမှတ်(၂၃၇)၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ နေထိုင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးအေးလမ်းသွယ်(၂)လမ်း၊ အမှတ်(၃၄)၊ ပထမထပ် (ခေါင်းရင်းခန်း)၊ အလျား(၁၂ ½)ပေxအနံ(၄၀)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသည့် ဦးဇင်မင်းသန်း[၁၂/ဥကမ(နိုင်)၀၂၅၀၂၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးနေဝင်း [၁၂/မရက(နိုင်) ၁၀၈၀၈၆] သည် (၅-၁၀-၂၀၂၃)ရက်နေ့တွင် နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍တိုက်ခန်းအား လက်ရောက်ရရှိခဲ့ပြီး အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ စီမံခန့်ခွဲခွင့် အရပ်ရပ်သည် ဦးနေဝင်း၏ လက်ဝယ်တွင်သာရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးနေဝင်း၏လွှဲအပ်ချက်အရ**
**ဦးညီညီလွင် LL.B အထက်တန်းရှေ့နေ(စဉ်-၅၀၉၃၂)**
**အမှတ်(၄၀၇/၄၁၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၈)လွှာ၊ (၅)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၃၉၅၈၆၀**

## ပျောက်ဆုံးကြောင်း

မောင်ကြည်ချမ်း မှတ်ပုံတင်အမှတ်[၆/မအရ(နိုင်)၀၈၅၁၆၇] ပိုင်ဆိုင်သော ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်း တိုက်အမှတ်(B-1)၊ အခန်းအမှတ်(414) Type(B+) အရောင်းအဝယ်စာချုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-5054992, 09-5054993**

## သွေးသည် အသက်

## ဝမ်းနည်းကြေကွဲခြင်း

OTS(33)မှ ဗိုလ်မှူးစိုးနိုင် အသက်(၈၅)နှစ်သည် ၂၅-၉-၂၀၂၃ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သမီးဖြစ်သူ မသန္တာနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS(33)မှ ကျန်စစ်သားမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးထွန်းသန်း**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားဝန်ကြီးဌာန**

**အသက်(၆၇)နှစ်**

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးထွန်းသန်းသည် ၆-၁၀-၂၀၂၃ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**လူမှုဖူလုံရေးအဖွဲ့**
**အလုပ်သမားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**

**ဦးကြင်လှ**

**အထက်တန်းပြ(ငြိမ်း)၊ အ.ထ.က(၁) ဒဂုံ**

**အသက်(၈၈)နှစ်**

ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ဇေဇီကျော်၏ ဖခင်ဖြစ်သူ ဦးကြင်လှသည် ၄-၁၀-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း၊ မျက်စိရောဂါပညာအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဒေါက်တာဦးမျိုးမင်း** [မှူခင်းဆရာဝန်ကြီး၊ ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ ဥပဒေရေးရာဆေးပညာဌာန၊ ဆေးတက္ကသိုလ်(မန္တလေး)] အသက် (၇၅)နှစ် သည် ၅-၁၀-၂၀၂၃ ရက် ည ၈:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မှုခင်းဆရာဝန်ကြီးရုံး မိသားစု**
**မန္တလေးပြည်သူ့ဆေးရုံကြီး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၂/ကဇီးကုန်း၊မြေကွက်အမှတ် ၃၈၊ဧရိယာ(၀.၀၄၉)ဧက၊မြေကွက်တည်နေရာမြေကွက်အမှတ်(၃၈)အမှတ်(၄)လမ်းမကြီး၊(၁)ရပ်ကွက်၊ရွှေပြည်သာ၊ဒေါ်မြခက်လှိုင်(၁၂/ရပသ(နိုင်)၀၃၀၉၃၈)အမည်ပေါက်ပါမစ်မြေမြေအားပါမစ်မြေအမည်ပေါက်-ဒေါ်မြခက်လှိုင်(၁၂/ရပသ(နိုင်)၀၃၀၉၃၈)မှပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်ထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ဒေါ်မြခက်လှိုင်မှ၎င်းအမည်ပိုင်ဆိုင်သောမြေကွက်နှင့်ပတ်သက်သည့်မြေချပါမစ်မူရင်းမှာအိမ်အပြောင်းအရွှေပြုလုပ်စဉ်ပျောက်ဆုံးသွားခဲ့သည်မှာမှန်ကန်ပါကြောင်း၊အထက်ပါမြေကွက်နှင့်မြေချပါမစ်မူရင်းအားအခြားမည်သူတစ်ဦးတစ်ယောက်ကိုမှုလွှဲပြောင်းရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ပေးကမ်းထားခြင်း၊စွန့်လွှတ်ထားခြင်း၊လှူဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းလုံးဝမရှိပါကြောင်းနှင့်အရှုတ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်ပါကတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းရန်ကုန်တိုင်းတရားလွှတ်တော်၏ကျမ်းကျိန်လွှာအမှတ်-၃၀၄၁/၂၀၂၃(၂၈-၆-၂၃)ပါမစ်ပျောက်ဆုံးကြောင်းကိုယ်တိုင်ဝန်ခံချက်၊နိုင်ငံသားစိစစ်ရေးကဒ်တို့တင်ပြ၍ပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးဘွန်ထိုင်(ခ)ဦးမောင်မောင်ဦး

**ကန်တော့ခံတိုင်းရင်းဆေးဆရာကြီး**

**ကန်တော့ခံသတင်းစာဆရာကြီး**

**အသက်(၉၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ (ဦးကျင်ကျင်-ဒေါ်မြစိန်)တို့၏သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၄၁)လမ်း၊ အမှတ်(၉)နေ (ဒေါ်ခင်စိန်)၏ခင်ပွန်း၊ ဦးအောင်စိုးဦး-ဒေါ်စောသီရိထက်၊ ဒေါ်ခင်နွယ်ဦး၊ ဦးသက်နိုင်-ဒေါ်ခင်သီတာဦး၊ ဦးကျော်စွာမောင်-ဒေါ်ခင်သန္တာဦးတို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၅-၁၀-၂၀၂၃ရက် ညနေ ၆:၄၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၇-၁၀-၂၀၂၃ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ဋွေး

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ပန်းခြံ (၅)လမ်း၊ အမှတ်(၃၈၀)နေ(ဦးသူတော်-ဒေါ်ချစ်ပေါင်)တို့၏သမီး၊ ဦးကျော်ဝင်း၏ဇနီး၊ ဦးထွန်းအောင်မော်-ဒေါ်သက်သက်မွန်တို့၏ အစ်မ၊ ဒေါက်တာဆွေဆက်-ဒေါက်တာစုလဲ့ဋွေး၊ ဒေါ်ခရေဝင်း၊ ဦးလှိုင်ဝင်း-ဒေါ်ဋွေးအိလွင်၊ ဒေါက်တာအေးချမ်းမြင့်တို့၏မွေးမိခင်၊ မောင်ထင်အောင်လွင်၊ မောင်အောင်ကောင်းမြတ်တို့၏ အဘွား ဒေါ်မြင့်မြင့်ဋွေးသည် ၆-၁၀-၂၀၂၃(သောကြာနေ့)နံနက် ၇:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၂၃ (တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့၊ ရေဝေးသုသာန် အခန်း(၁-ခ)၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြင့်မြင့်ဋွေး**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ပန်းခြံ(၅)လမ်း၊ အိမ်အမှတ်(၃၈၀)နေ ဒေါက်တာဆွေဆက်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန)-ဒေါက်တာစုလဲ့ဋွေး (အထူးကုဆရာဝန်ကြီး၊ ရောဂါဗေဒ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏ မိခင် ဒေါ်မြင့်မြင့်ဋွေး အသက်(၇၈)နှစ်သည် ၆-၁၀-၂၀၂၃(သောကြာနေ့) နံနက် ၇:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း/အမှုထမ်းများ**
**ကုသရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဆွေဆက် (ဒုတိယညွှန်ကြားရေးမှူးချုပ် -ဓာတ်ခွဲ)-ဒေါက်တာစုလဲ့ဋွေး(အထူးကုဆရာဝန်ကြီး၊ ရောဂါဗေဒ)တို့၏ မိခင်ကြီး ဒေါ်မြင့်မြင့်ဋွေးသည် ၆-၁၀-၂၀၂၃(သောကြာနေ့) နံနက် ၇:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနခွဲ**
**အရာထမ်းများ၊ အမှုထမ်းများနှင့်မိသားစုများ**

**ညအချိန် အိပ်နေချိန်တွင်**
**လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## ရေချွေတာရေး နည်းလမ်းများ

- သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## ဒေါက်တာမျိုးမင်း

ပါမောက္ခဌာနမှူးငြိမ်း

ဥပဒေရေးရာ ဆေးပညာဌာန ဆေးမန်း

အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၄၃-B)နေ (ဗိုလ်မှူးမောင်မောင်ကွန့် -ဒေါ်အေးသွင်)တို့၏သား၊ (ဒေါက်တာခင်မောင်ဝင်း၊ သံအမတ်ကြီးငြိမ်း-ဒေါ်စိန်စိန်)တို့၏ သားသမက်၊ ဒေါက်တာခင်မမ ရောဂါဗေဒ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးရန်ဝင်းအောင်-ဒေါ်သင်းမြမြစံ၊ ဦးရန်မင်းအောင်-ဒေါ်လှလှဝင်း၊ ဦးထွေးမင်းသူ-ဒေါ်ယမင်းဆွေတို့၏ဖခင်၊ မောင်စွမ်းရည်ပိုင်ထွေး၊မအေးငြိမ်းသစ္စာ(ခ)ချယ်လ်စီးတို့၏အဘိုး၊ ဒေါက်တာမျိုးမင်း (ပါမောက္ခဌာနမှူးငြိမ်း၊ ဥပဒေရေးရာ ဆေးပညာဌာန ဆေးမန်း)သည် (၅. ၁၀. ၂၀၂၃) ကြာသပတေးနေ့၊ ည(၈း၃၀)နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါ၍ (၇. ၁၀. ၂၀၂၃) စနေနေ့ တွင် အိမ်မှကားများ (၉း၀၀)အိမ်မှထွက်၍ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာမျိုးမင်း

ပါမောက္ခဌာနမှူးငြိမ်း

ဥပဒေရေးရာ ဆေးပညာဌာန ဆေးမန်း

အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၄၃-B)နေ (ဗိုလ်မှူးမောင်မောင်ကွန့် - ဒေါ်အေးသွင်)တို့၏သား၊ (ဒေါက်တာခင်မောင်ဝင်း၊ သံအမတ်ကြီးငြိမ်း-ဒေါ်စိန်စိန်)တို့၏ သားသမက်၊ ဒေါက်တာခင်မမ ရောဂါဗေဒ၏ ချစ်လှစွာသော ခင်ပွန်း၊ (ဒေါက်တာအောင်မြင့် မျက်စိအထူးကု)- ဒေါ်ခင်စန်းတင့်၊ ဦးရဲမြင့်(ဌာနမှူးငြိမ်း၊ အရှေ့ပိုင်းတက္ကသိုလ်) - ဒေါ်ခင်စောအေးတို့၏ညီ၊ ဗိုလ်မှူးသိန်းဒန်(ငြိမ်း)-ဒေါ်သင်းသင်းမူ၊ (ဒေါ်ယုယုမေ)၊ ဦးရဲမြင့်-(ဒေါ်နုနုဆွေ)၊ ဒေါက်တာဋွေးဋွေးလွင်(တာဝန်ခံပါမောက္ခချုပ်-ငြိမ်း သန်လျင်သမဝါယမတက္ကသိုလ်)၊ ဒေါ်မိမိခင်၊ ဒေါက်တာမာမာမြင့်(ပါမောက္ခဌာနမှူးငြိမ်း၊ မြန်မာစာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဦးဋွေးမင်း၊ ဦးစိုင်းနွေမိန်ဦး-ဒေါ်မြစုထွေးတို့၏ ချစ်လှစွာသော အစ်ကိုငယ်၊ ဒေါက်တာမျိုးမင်း (ပါမောက္ခဌာနမှူးငြိမ်း၊ ဥပဒေရေးရာ ဆေးပညာဌာန ဆေးမန်း)သည် (၅. ၁၀. ၂၀၂၃) ကြာသပတေးနေ့၊ ည(၈း၃၀)နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါ၍ (၇. ၁၀. ၂၀၂၃) စနေနေ့ တွင် အိမ်မှကားများ (၉း၀၀)အိမ်မှထွက်၍ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ မြေကွက်အမှတ်(၁၆၁၆/ခ)၊မြေကွက်တည်နေရာအမှတ်(၁၆၁၆/ခ)၊ (၉၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးအောင်ဟံ [၁၂/သကတ(နိုင်)၀၆၇၅၅၇] အမည်ပေါက်ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးအောင်ဟံ [၁၂/သကတ(နိုင်)၀၆၇၅၅၇]ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူသူ ဦးနိုင်လင်းထွေး [၁၂/ဒဂတ(နိုင်)၀၄၈၁၅၀] မှ ပါမစ်မူရင်း (မူရင်းတုံးပါ)တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ ဆောက်လုပ်ဆဲ RC အဆောက်အဦ ဖောင်ဒေးရှင်းချထားပြီး လျှောက်ထားသူမှ ကွင်းဆင်းပုံစံပေါ်တွင် သိရှိကြောင်း လက်မှတ်ရေးထိုးတင်ပြထားပါသဖြင့် ဦးနိုင်လင်းထွေးမှ ပါမစ်မူရင်းတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**မူးယစ်ဆိုက ဆန့်ကျင်ကြ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဒေါက်တာဦးမျိုးမင်း** [မှူခင်းဆရာဝန်ကြီး၊ ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ ဥပဒေရေးရာဆေးပညာဌာန၊ ဆေးတက္ကသိုလ်(မန္တလေး)] အသက် (၇၅)နှစ် သည် ၅-၁၀-၂၀၂၃ ရက် ည ၈:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥပဒေရေးရာဆေးပညာဌာန**
**ဆေးတက္ကသိုလ်(၁)ရန်ကုန်**

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၄-လမ်း၊ အမှတ်(၈၆)၊ ပထမထပ် မျက်နှာမူလျက် ( ဝဲ )ဘက်ခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီးကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ **ဒေါ်ခင်ခင်အေး(ခ)ဒေါ်ခင်သီတာဦး [၁၂/မဂတ(နိုင်)၀၇၅၈၄၄]**ထံက တိုက်ခန်းဝယ်ယူထားသော စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားကြောင်း ပြောဆို၍ မိမိတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာတင်ပြပြီး ရောင်းချရန် ကမ်းလှမ်းချက်အရ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP**

**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇) B.Sc, Hon (IC), HGP, R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09-5017044**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ)၊ မြေကွက်အမှတ်(၄၄၁/ခ)၊ ၁၂၀၀-စ/ပ၊ မြေ ကွက်တည်နေရာအမှတ်(၄၄၁/ခ)၊ ဣန္ဒာ(၂)လမ်း၊ (ဈ)ရပ်ကွက်၊ ဒေါ်စန်းစန်းမြင့်(CE-060068)[၁၂/ဥကမ(နိုင်)၁၁၀၆၇၈]၊ နော်ဂဲလ်လီ(AD-006222၊ [၁၂/ဥကမ(နိုင်)၀၂၃၄၁၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်ဒေါ်စန်းစန်းမြင့်+ဒေါ်နော်ဂဲလ်လီတို့ထံမှ(၁၀-၁၀-၂၀၁၅)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဒေါ်ကျင်ကျင်ရီမှ ဝယ်ယူခဲ့ပြီး ဒေါ်ကျင်ကျင်ရီထံမှ(၂၀-၁၀-၂၀၂၁)ရက်စွဲပါ အိမ်နှင့်မြေ အပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူသူ-ဒေါ်ဖြူဝင်းထက်(၎င်း၏အခွင့်ရကိုယ်စားလှယ်-ဒေါ်ခင်စုလှိုင်)မှ မြောက်ဥက္ကလာပမြို့နယ် တရားရုံးတရားမကြီးအမှုအမှတ်-၄၆/၂၀၂၁ဖြင့် ဒေါ်စန်းစန်းမြင့်+၂တို့အပေါ် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ရာ(၈-၃-၂၀၂၂)ရက်နေ့က အထက်ဖော်ပြပါ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး၊ ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်-၂၄/၂၀၂၂(၂၂-၈-၂၀၂၂)ရက်စွဲပါအမိန့်အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်သူဇာ [၆/ထဝန(နိုင်)၀၂၆၃၄၃]မှ ဖော်ပြပါ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်အပ်စာနှင့် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်း ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ဒီမိုကရေစီဆိုတာ ပြည်သူတစ်ရပ်လုံး အကြားအလပ်မရှိ ပါဝင်ဖော်ဆောင်ရခြင်းဖြစ်တာကြောင့် ကဏ္ဍအသီးသီးမှာ တည်ငြိမ်အေးချမ်းမှု အရေးကြီးပြီး ဒီလိုဆောင်ရွက်ဖို့အတွက် ကြိုးပမ်းရာမှာ နိုင်ငံသူ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကြဖို့ လိုအပ်မှာပဲဖြစ်တယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော (၇၈) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## e-Government ဆိုသည်မှာ ထိရောက်မြန်ဆန်လုံခြုံသည့် ကွန်ပျူတာစနစ်များကို အသုံးပြုပြီး အများပြည်သူအတွက် မြန်ဆန်တိုးတက်သည့် ဝန်ဆောင်မှုများကို နိုင်ငံတော်အစိုးရက ပြည်သူကိုဝန်ဆောင်မှုပေးခြင်းပင်ဖြစ်

## National Database အဖြစ် တည်ဆောက်ပြီးစီးပါက နိုင်ငံသားများ၏ လူမှုဘဝလုံခြုံမှုကို ပိုမိုဆောင်ရွက်ပေးနိုင်မည်

**နေပြည်တော် အောက်တိုဘာ ၆**

National Database စနစ်တည်ဆောက်ရေး ဦးဆောင်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ National Database စနစ်တည်ဆောက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း National Database စနစ်တည်ဆောက်ရေး ဦးဆောင်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် နဂါးလှေလှော်ပြိုင်ပွဲမှ ကြေးတံဆိပ်တစ်ခု ထပ်မံရရှိ



**နေပြည်တော် အောက်တိုဘာ ၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ကျင်းပလျက်ရှိပြီး ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဝမ်ကျိုးမြို့ Wenzhou Dragon Boat Center ၌ နဂါးလှေလှော် (Dragon Boat) အမျိုးသား၊ အမျိုးသမီး မီတာ (၁၀၀၀) ၁၂ တက်လှော်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် အုပ်ချုပ်မှုအဖွဲ့များ တက်ရောက်အားပေးသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❂

### ယနေ့ ဖတ်စရာ


**ထားဝယ်မြို့၌ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် တနင်္သာရီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ကျင်းပ**

စာမျက်နှာ » ၁၆

**ရုရှား-တရုတ် ပူးပေါင်းဆောင်ရွက်မှုသည် ကမ္ဘာ့ရေးရာ တည်ငြိမ်ရေးအတွက် အရေးကြီးသောအချက်ဖြစ်ဟု ရုရှားသမ္မတပူတင် ပြောကြား**

စာမျက်နှာ » ၁၈